# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်
# အစီရင်ခံစာ
# (၂၀၁၅-၂၀၁၆)

၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်အစီရင်ခံစာ

## (၂၀၁၅-၂၀၁၆)

### မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁ | အခန်း(၁) | ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုများ | ၃ |
| ၂ | အခန်း(၂) | ငွေကြေးမူဝါဒရည်မှန်းချက်နှင့်နည်းဗျူဟာများနှင့် ငွေကြေးမူဝါဒနည်းလမ်းများ | ၆ |
| ၃ | အခန်း(၃) | မေခရိုစီးပွားရေးနှင့်ငွေရေးကြေးရေးအခြေအနေ (အကျဉ်းချုပ်) | ၁၂ |
| ၄ | အခန်း(၄) | စီးပွားရေး၊ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးအခြေအနေ တင်ပြချက် | ၁၅ |
| | | စီးပွားရေးတိုးတက်မှုအခြေအနေ | ၁၆ |
| | | ငွေကြေးဖောင်းပွမှုအခြေအနေ | ၁၇ |
| | | ဘဏ္ဍာရေးအခြေအနေ | ၂၀ |
| | | ကုန်သွယ်မှုအခြေအနေ | ၂၀ |
| | | နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေ | ၂၂ |
| | | နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ | ၂၂ |
| | | နိုင်ငံခြားငွေလဲလှယ်နှုန်း | ၂၂ |
| | | ငွေကြေးပမာဏအခြေအနေ | ၂၆ |
| | | အစိုးရငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရောင်းချခြင်း | ၂၈ |
| | | ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေအခြေအနေ | ၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၅ | နောက်ဆက်တွဲဇယားများ | ၃၀ |
| | ဇယား (၁) ငွေကြေးဖောင်းပွမှုနှုန်းများ (၂၀၁၅ -၂၀၁၆) | ၃၀ |
| | ဇယား (၂) တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းအရ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၅ - ၂၀၁၆ ) | ၃၂ |
| | ဇယား(၃) တိုင်းဒေသကြီး၊ပြည်နယ်နှင့်မြို့ကြီး(၃)မြို့၏စားသုံးသူ ဈေးဆနှုန်းအရပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(၂၀၁၅ -၂၀၁၆) | ၃၃ |
| | ဇယား (၄) စုစုပေါင်း ပို့ကုန်နှင့်သွင်းကုန်အခြေအနေပြဇယား | ၃၄ |
| | ဇယား (၅) နိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်၏နိုင်ငံခြားသုံး ငွေဈေးပြိုင်လေလံတွင်ရောင်းဝယ်မှုအခြေအနေပြဇယား (၂၀၁၅ -၂၀၁၆) | ၃၅ |
| | ဇယား (၆) ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း နှင့်ထိရောက်သော အမှန်ငွေလဲလှယ်နှုန်း (၂၀၁၅ -၂၀၁၆) | ၃၆ |
| | ဇယား(၇) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား(၂၀၁၅-၂၀၁၆) | ၃၇ |
| | ဇယား(၈) စုစုပေါင်းငွေကြေးပမာဏနှင့်ယင်းအပေါ်အကျိုးသက်ရောက် စေသည့်အချက်များ (၂၀၁၅-၂၀၁၆) | ၄၀ |
| | ဇယား(၉) အစိုးရငွေတိုက်စာချုပ်ရောင်းချမှုအခြေအနေပြဇယား (၂၀၁၅-၂၀၁၆) | ၄၁ |
| | ဇယား(၁၀) အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှု အခြေအနေပြဇယား(၂၀၁၅-၂၀၁၆) | ၄၂ |

# အခန်း(၁)

# ငွေကြေးမှုဝါဒအကောင်အထည်ဖော်ဆောင်ရွက်မှုများ

**ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်များ**

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးနှုန်းများတည်ငြိမ်မှုရှိသည့် စီးပွားရေးတိုးတက်မှု (Growth with Price Stability) ရရှိစေမည့် အနေတော် ငွေကြေးပမာဏရည်မှန်းချက် ထားရှိဆောင်ရွက်လျက်ရှိပါသည်။
- ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်း မူလလျာထားချက်မှာ ၉.၃ ရာခိုင်နှုန်းဖြစ်၍ သီးသန့်ငွေကြေးပမာဏ နှင့် စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်းတို့အား ၁၅ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်း အသီးသီး သတ်မှတ်ခဲ့ပါသည်။
- ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင်ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သဖြင့် ၇ ရာခိုင်နှုန်းသာ ရရှိခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ နှစ်အလိုက် ၈.၃၉ ရာခိုင်နှုန်းနှင့် ပျမ်းမျှ ၉.၉၉ ရာခိုင်နှုန်း ရှိခဲ့ပါသည်။
- နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်လိုငွေအား ဗဟိုဘဏ်မှ ဖြည့်ဆည်းမှုမှာ မူလခန့်မှန်းခြေအရလိုငွေ၏ ၄၀ ရာခိုင်နှုန်း လျာထားသော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ရှေ့ပြေးအမှန်စာရင်းအရ ဗဟိုဘဏ်မှဖြည့်ဆည်းမှုမှာလိုငွေ၏ ၉၁.၆ ရာခိုင်နှုန်းဖြစ်ခဲ့ပါသည်။
- သို့ဖြစ်၍ ၂၀၁၆ ခုနှစ်၊ မတ်လကုန်တွင် သီးသန့်ငွေကြေးပမာဏ နှင့် စုစုပေါင်းငွေကြေးပမာဏ တို့၏ တိုးတက်မှုနှုန်းမှာ ၂၃ ရာခိုင်နှုန်းနှင့် ၂၆ ရာခိုင်နှုန်းအသီးသီး ရှိခဲ့၍ ရည်မှန်းချက်ထက် ကျော်လွန်ခဲ့ပါသည်။၂၀၁၆ခုနှစ်၊ မတ်လကုန်တွင် ချေးငွေတိုးတက်မှုနှုန်းမှာ ၃၃ ရာခိုင်နှုန်း ရှိခဲ့ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်ငွေဖောင်းပွမှုမြင့်မားသည့်အခြေအနေတွင် ထပ်မံ၍ ငွေဖောင်းပွမှုမှ ထပ်ဆင့်တိုးသက်ရောက်မှု (Second Round Effect) မရှိစေရန်နှင့် ငွေကြေးဖောင်းပွမှုဖိအား လျော့နည်းစေရန်တို့အတွက်ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့်အပ်ငွေလေလံခေါ်ယူခြင်း၊အနည်းဆုံးသီးသန့်ငွေအချိုးသတ်မှတ်လိုက်နာစေခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အပ်ငွေလေလံစုစုပေါင်း (၂၃) ကြိမ်ခေါ်ယူခဲ့ပြီး၊ တစ်ကြိမ်လျှင်ပျမ်းမျှ ကျပ်သန်းထောင်ပေါင်း ၂၄၇ (သီးသန့်ငွေကြေး၏ ၁.၆ ရာခိုင်နှုန်း) ဖြင့် စုစုပေါင်း ကျပ်သန်းထောင်ပေါင်း ၅,၆၈၃ စီးပွားရေးစနစ်မှ နုတ်သိမ်းနိုင်ခဲ့ပါသည်။
- သို့ဖြစ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်

အစားအစာအုပ်စု၏ ငွေဖောင်းပွမှုနှုန်း ၁၂ ရာခိုင်နှုန်းခန့်ရှိခဲ့သော်လည်း အစားအစာ မဟုတ်သောအုပ်စု၏ ငွေဖောင်းပွမှုနှုန်းမှာ ၃ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒအား ဘဏ္ဍာရေးမူဝါဒ၊ အခြားစီးပွားရေးမူဝါဒများနှင့် ဟန်ချက်ညီညီ ချိတ်ဆက်၍ ငွေကြေးဖောင်းပွမှုနှုန်းအား သင့်တင့်သည့် အနေအထားတွင်ရှိစေရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရဘတ်ဂျက်လိုငွေ ဖြည့်ဆည်းပေးရမှု ကို လျှော့ချနိုင်စေရန် အစိုးရငွေတိုက်လက်မှတ်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှုအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း (၂၂)ကြိမ် ပြုလုပ်ခဲ့ပြီး စုစုပေါင်း ကျပ်သန်းထောင်ပေါင်း ၁,၂၂၅ ရောင်းချခဲ့ပြီးဖြစ်ပါသည်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေလဲလှယ်နှုန်းများ၏ ကွာဟချက်မှာ အမြင့်ဆုံး ၁၂ ရာခိုင်နှုန်းထိ ကာလတို ဖြစ်ပေါ်ခဲ့သော်လည်း အများအားဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ငွေလဲလှယ်နှုန်း စံသတ်မှတ်ချက် ၂ ရာခိုင်နှုန်းဘောင်အတွင်း ရှိခဲ့ပါသည်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံမှတစ်ဆင့်စုစုပေါင်းရောင်းချမှု အမေရိကန်ဒေါ်လာ ၅၆၄ သန်း၊ စုစုပေါင်းဝယ်ယူမှု အမေရိကန်ဒေါ်လာ ၄၆၆ သန်း နှင့် အသားတင်ရောင်းချမှုပမာဏ အမေရိကန်ဒေါ်လာ ၉၈သန်း ရှိခဲ့ပါသည်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် ဗဟိုဘဏ်ရှိ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ ပမာဏမှာ သွင်းကုန်၏ ၂.၈ လစာ နှင့် စုစုပေါင်း ငွေကြေးပမာဏ၏ ၁၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာကျပ်ငွေနှင့် အဓိက ကုန်သွယ်ဘက်နိုင်ငံများ၏ ငွေကြေးအုပ်စု၏ ထိရောက်သော အမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate -NEER) အရ ၁၃ ရာခိုင်နှုန်းနှင့် ထိရောက်သောအမှန် ငွေလဲလှယ်နှုန်း (Real Effective Exchange Rate-REER)အရ ၇ ရာခိုင်နှုန်း အသီးသီး တန်ဖိုးကျဆင်းခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသည် မိမိ၏ အဓိကကုန်သွယ်ဘက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ငွေဖောင်းပွမှုနှုန်း မြင့်မားသည့် အခြေအနေကြောင့် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းမှ ရရှိနိုင်သည့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းမှာ အားသာသင့်သလောက် မရှိကြောင်း တွေ့ရှိရပါသည်။

# အခန်း(၂)

# ငွေကြေးမူဝါဒ ရည်မှန်းချက်နှင့် နည်းဗျူဟာများ

# နှင့်

# ငွေကြေးမူဝါဒနည်းလမ်းများ

## ငွေကြေးမူဝါဒရည်မှန်းချက်များနှင့် နည်းဗျူဟာများ

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (၂၀၁၃) အခန်း ၆၊ ပုဒ်မ ၄၀ (က) အရ ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိစေရန်နှင့် ထိန်းသိမ်းရန် ဖြစ်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ ငွေကြေးတည်ငြိမ်ရေး ရည်ရွယ်ချက် အားဆောင်ရွက်ရာတွင်ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် ငွေရေးကြေးရေးဈေးကွက်များတွင် ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ခြင်း၊ လျှော့နှုန်းနှင့် တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း၊ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း၊ ချေးငွေစီမံခန့်ခွဲခြင်း အပါအဝင် အခြားသင့်လျော်သောနည်းလမ်းများ သတ်မှတ်ခြင်း စသည်တို့ကို အသုံးပြုဆောင်ရွက်ပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိရန် ဖော်ဆောင်ရာတွင် ငွေဖောင်းပွမှုနှုန်းအား နှစ်လတ်ကာလအတွင်း ပျမ်းမျှ ၇ ရာခိုင်နှုန်း ရှိစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သီးသန့်ငွေကြေးပမာဏကို ဦးတည်သတ်မှတ်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် သင့်တင့်မျှတသော ငွေဖောင်းပွမှုနှုန်းဖြင့် နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ရည်မှန်းချက်ကို ရရှိစေနိုင်မည့် အနေတော်ငွေကြေးပမာဏကို ရည်မှန်းချက်အဖြစ် ထားရှိပါသည်။ ၎င်းရည်မှန်းချက်အတိုင်း ရရှိစေရန် ငွေကြေးပမာဏအား ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။
- ငွေကြေးပမာဏအား ပြောင်းလဲစေသော အဓိကအချက်များဖြစ်သည့် လှည့်လည်သုံးစွဲငွေ၊ နိုင်ငံခြားငွေရရန်ပိုင်ခွင့်များ၊အစိုးရသို့ချေးငွေ၊စီးပွားရေးကဏ္ဍသို့ချေးငွေပြောင်းလဲမှုများအရ ဖြစ်ပေါ်လာမည့် ငွေကြေးပမာဏအား ခန့်မှန်းပြီး ရည်မှန်းချက် နှင့် ချိန်ထိုးကာ စီးပွားရေးစနစ်သို့ ငွေကြေးထည့်သွင်းရန်လိုပါက ချေးငွေလေလံခေါ်ယူခြင်းနှင့်စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများအား နုတ်သိမ်းရန် လိုပါက အပ်ငွေလေလံခေါ်ယူခြင်းဖြင့် အကောင်အထည်ဖော်ထိန်းကျောင်းပေးပါသည်။

- (၁၁-၇-၂၀၁၃) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ အခန်း၆၊ပုဒ်မ၄၈(ခ)နှင့်(ဃ)တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ မူဝါဒကို ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျမြင့်မားမှုမရှိစေရန်နှင့် ငွေလဲလှယ်နှုန်းများ ကွာဟချက် နည်းစေရန်တို့အတွက် နေ့စဉ်နိုင်ငံခြားသုံးငွေ ဈေးပြိုင်လေလံမှတစ်ဆင့် ဈေးကွက်အား ထိန်းကျောင်းဆောင်ရွက်ပေးပါသည်။
- နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား ဖြစ်သောဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒတို့နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ညှိနှိုင်းပူးပေါင်း၍ မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒ ချမှတ်အကောင်အထည်ဖော်မှု အဆင့်ဆင့်အား လုပ်ငန်းစဉ်ပြပုံဖြင့် ဖော်ပြအပ်ပါသည်။

# ငွေကြေးမူဝါဒချမှတ်အကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းစဉ်ပြပုံ

**မေခရိုစီးပွားရေးအချက်အလက်များ**

- ♦ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု
- ♦ ငွေကြေးဖောင်းပွမှု
- ♦ စုစုပေါင်းငွေကြေးပမာဏတိုးတက်မှု
- ♦ စီးပွားရေးစနစ်ရှိငွေကြေးအခြေအနေ
- ♦ နိုင်ငံခြားသုံးသီးသန့်ငွေအခြေအနေ
- ♦ ငွေလဲလှယ်နှုန်းအခြေအနေ

⇓

**မူဝါဒဆုံးဖြတ်ချက်**

♦မေခရိုစီးပွားရေးနှင့်ဈေးကွက်အချက်အလက်များအရဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်

⇒

**မူဝါဒနည်းလမ်းများ**

♦အတိုးနှုန်းမူဝါဒ

♦လျှော့နှုန်းနှင့်တစ်ဆင့်လျှော့နှုန်းသတ်မှတ်ခြင်း

♦အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း

♦လွတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များ

⇒

**လုပ်ငန်းဆိုင်ရာရည်မှန်းချက်**

♦သီးသန့်ငွေကြေးပမာဏ

⇒

**ကြားခံရည်မှန်းချက်**

♦စုစုပေါင်းငွေကြေးပမာဏ

⇒

**ဦးတည်ချက်**

♦ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေးနှင့်ထိန်းသိမ်းရေး



## ငွေကြေးမူဝါဒနည်းလမ်းများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒနည်းလမ်းများမှာအတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း၊အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်းနှင့်လွှတ်လပ်သောဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

## အတိုးနှုန်းမူဝါဒချမှတ်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတိုးနှုန်း မူဝါဒချမှတ်ရာတွင် ငွေဖောင်းပွမှုနှုန်း အလားအလာအရ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူဖြစ်စေရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကို အားပေးနိုင်စေရန်နှင့် စုဆောင်းသူများအား ဆွဲဆောင်နိုင်သည့် အတိုးနှုန်း ဖြစ်စေရန်အတွက် ချိန်ဆသတ်မှတ်ပေးပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဗဟိုဘဏ်လျှော့နှုန်းမှာ ၁၀ ရာခိုင်နှုန်းဖြစ်ပြီး ၄င်းအပေါ်မူတည်၍ အပ်ငွေပေါ်တွင်ပေးရမည့် အနိမ့်ဆုံးအတိုးနှုန်းမှာ ၈ ရာခိုင်နှုန်းနှင့် ချေးငွေများ၊ စာရင်းပိုထုတ်ချေးငွေများပေါ်တွင် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းမှာ ၁၃ ရာခိုင်နှုန်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်လျှော့နှုန်းနှင့်ဘဏ်နှင့်ဆက်သွယ်သူများအတွက် အတိုးနှုန်းများ သတ်မှတ်ပေးလျက်ရှိသော်လည်း အပ်ငွေလေလံအတိုးနှုန်း၊အစိုးရငွေချေးသက်သေခံလက်မှတ်များ ဈေးပြိုင်စနစ်၏ အတိုးနှုန်း၊ နိုင်ငံခြားငွေကြေးဖြင့်ထားရှိသည့် အပ်နှံငွေအပေါ် အတိုးနှုန်းနှင့် ဘဏ်အချင်းချင်းဈေးကွက် အတိုးနှုန်းတို့အား ဖြေလျော့မှုများ ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရှိ အတိုးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အတိုးနှုန်းများ(%)** | | |
|---|---|---|
| ဗဟိုဘဏ်အတိုးနှုန်း | | ၁၀ |
| **အပ်ငွေအပေါ်အတိုးနှုန်း** | | |
| ငွေစုဘဏ်အတိုးနှုန်း | | ၈-၁၀ |
| စာရင်းသေအပ်ငွေ အတိုးနှုန်း | (၃)လ | ၈-၁၀ |
| | (၆)လ | ၈-၁၀ |
| | (၉)လ | ၈-၁၀ |
| ငွေစုလက်မှတ် | ၁၂နှစ် | ၉ |
| ငွေတိုက်လက်မှတ် (လျှော့နှုန်း) | ဗဟိုဘဏ် | ၄ |
| | လေလံ | ၆.၀-၈.၂ |
| ငွေတိုက်စာချုပ် | (၂)နှစ် | ၈.၇၅ |
| | (၃)နှစ် | ၉ |
| | (၅)နှစ် | ၉.၅ |
| **ချေးငွေပေါ်အတိုးနှုန်း** | | |
| စီးပွားရေးလုပ်ငန်းချေးငွေ | | ၁၃ |
| စိုက်ပျိုးရေးအထူးချေးငွေ | | ၅ |
| အသေးစားချေးငွေ | | ၃၀ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်သတ်မှတ်ခြင်း**

သီးသန့်ငွေအချိုး တိုးမြှင့်သတ်မှတ်ခြင်းဖြင့် ဘဏ်များကထုတ်ချေးနိုင်သည့် ချေးငွေပမာဏလျော့နည်းစေနိုင်ပြီး၊ ထိုမှတစ်ဆင့် စီးပွားရေးစနစ်ရှိငွေကြေးပမာဏကို လျော့နည်းစေနိုင်မည် ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ယင်းအချိုးကို လျော့ချသတ်မှတ်ခြင်းဖြင့် ဘဏ်များက ထုတ်ချေးနိုင်သည့် ချေးငွေပမာဏကို တိုးမြှင့်စေပြီး၊ စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏကို တိုးမြှင့်စေပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မှစ၍ အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အားအများပြည်သူအပ်နှံငွေစုစုပေါင်း၏ ၅ရာခိုင်နှုန်းအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ စာရင်းရှင်အပ်နှံငွေတစ်မျိုးတည်းဖြင့်သာ ထားရှိရန် ဖြစ်ပါသည်။

**လွှတ်လပ်သောဈေးကွက်ဆိုင်ရာလုပ်ဆောင်ချက်များဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှုအခြေအနေအရ ဈေးကွက်စီးပွားရေးစနစ်မှ ငွေကြေး ပြန်လည်ထုတ်နှုတ်နိုင်ရန် အပ်ငွေလေလံခေါ်ယူခြင်းကိုဆောင်ရွက်ပြီး စီးပွားရေးစနစ်သို့ ငွေကြေးထပ်မံထည့်သွင်းနိုင်ရန် ချေးငွေလေလံခေါ်ယူခြင်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒအား တင်းကြပ်စွာဆောင်ရွက်ရန် လိုအပ်သဖြင့် ဈေးကွက်မှပိုလျှံငွေကြေးများကို ထုတ်နှုတ်ရန် အပ်ငွေလေလံ ခေါ်ယူမှုပမာဏကို တိုးမြှင့်ခေါ်ယူခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဈေးကွက် ဖွံ့ဖြိုးလာသည်နှင့်အမျှ အပ်ငွေ/ချေးငွေဈေးပြိုင်ခေါ်ယူခြင်းနည်းလမ်းများအပြင် အခြားသွယ်ဝိုက် ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အစိုးရငွေချေးသက်သေခံလက်မှတ်များအား ဈေးကွက်တွင် ဝယ်/ရောင်းခြင်း (Outright Sale/ Purchase)၊ အစိုးရ ငွေချေးသက်သေခံလက်မှတ်များအသုံးပြု၍ ငွေကြေးဈေးကွက်မှ ကာလတိုငွေချေးငှားမှု လုပ်ဆောင်ချက် (Repo Operation) နှင့် ဗဟိုဘဏ်မှ ငွေချေးသက်သေခံလက်မှတ် ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်ရန် အစီအစဉ် ရှိပါသည်။

# အခန်း(၃)

## မေခရိုစီးပွားရေးနှင့်ငွေရေးကြေးရေးအခြေအနေ (အကျဉ်းချုပ်)

**မေခရိုစီးပွားရေးနှင့်ငွေရေးကြေးရေး အခြေအနေ (အကျဉ်းချုပ်)**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သဖြင့် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၇ ရာခိုင်နှုန်းသာ ရရှိခဲ့ပါသည်။

ဘဏ္ဍာရေးအခြေအနေတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဘတ်ဂျက်လိုငွေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကထက် ပိုမိုမြင့်မားခဲ့ပါသည်။ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ စုစုပေါင်းအစိုးရ ရငွေမှာ ဂျီဒီပီ၏ ၂၃ ရာခိုင်နှုန်း၊ စုစုပေါင်းအစိုးရ အသုံးစရိတ်မှာ ဂျီဒီပီ၏ ၂၇ ရာခိုင်နှုန်းနှင့် လိုငွေနှင့် ဂျီဒီပီ အချိုးမှာ ၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းအခြေအနေမှာပို့ကုန်ထက်သွင်းကုန်ပမာဏ သိသာစွာ တိုးတက်လာခြင်း၊ ပို့ကုန်တင်ပို့မှုမှ ရငွေကျဆင်းလာခြင်း တို့ကြောင့် သာမန်စာရင်းပိုင်းတွင် ယခင်ဘဏ္ဍာနှစ်ထက် လိုငွေပိုမိုများပြားခဲ့ပါသည်။ ထို့အပြင်ချေးငွေပြန်လည်ပေးဆပ်မှုများပြားပြီး အခွင့်မသာသော နိုင်ငံခြားငွေပေးငွေယူစာရင်း ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရေကြီးရေလျှံ သဘာဝဘေး အန္တရာယ်များကြောင့် ထုတ်လုပ်မှုကျဆင်းခြင်း နှင့် ကုန်ပစ္စည်း ပြတ်လပ်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး တစ်ဖက်တွင် ဝယ်လိုအား မြင့်မားခဲ့သဖြင့် ဈေးနှုန်းမြင့်တက်ကာ ငွေဖောင်းပွမှုနှုန်း မြင့်မားခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း သီးသန့်ငွေကြေးပမာဏနှင့်စုစုပေါင်းငွေကြေးပမာဏတိုးတက်မှုနှုန်းတို့အား ၁၅ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်း အသီးသီး သတ်မှတ်ခဲ့သော်လည်းအမှန်တိုးတက်မှုမှာ ၂၃ ရာခိုင်နှုန်းနှင့် ၂၆ ရာခိုင်နှုန်း အသီးသီးရှိခဲ့၍ ရည်မှန်းချက်ထက် ကျော်လွန်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ သီးသန့်ငွေကြေးပမာဏရည်မှန်းချက်ပြည့်မီစေရန်အတွက် ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်များဖြစ်သည့် အပ်ငွေလေလံ (သို့မဟုတ်) ချေးငွေလေလံခေါ်ယူခြင်းများ ဆောင်ရွက်၍ ငွေကြေးပမာဏအား ထိန်းညှိပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မေခရိုစီးပွားရေးအခြေခံအချက်များအရ တင်းကြပ်သောငွေကြေးမူဝါဒအားကျင့်သုံးဆောင်ရွက်ခဲ့ပြီး၊ အပ်ငွေလေလံ ခေါ်ယူမှုပမာဏအား တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်၍ အပ်ငွေလေလံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တစ်ကြိမ်လျှင် ပျမ်းမျှ ကျပ် ၁၂၂

ဘီလီယံကျော် ခေါ်ယူခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တစ်ကြိမ်လျှင် ပျမ်းမျှ ကျပ် ၂၄၇ ဘီလီယံကျော်သို့ တိုးမြှင့်ခေါ်ယူခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒ အကောင်အထည်ဖော်ရာတွင် အသုံးပြု ဆောင်ရွက်လျက်ရှိသည့် ငွေကြေးမူဝါဒနည်းလမ်းများမှာ အတိုးနှုန်း၊ သီးသန့်ငွေလိုအပ်ချက်နှင့် လွတ်လပ်သော စျေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များ ဖြစ်ပါသည်။ ထို့အပြင် အစိုးရလိုငွေအတွက် ဗဟိုဘဏ်မှ ဖြည့်ဆည်းပေးရမှုကို လျှော့ချနိုင်ရန် အစိုးရငွေတိုက်လက်မှတ်များအား လေလံစနစ်ဖြင့် ဝယ်ယူခြင်း၊ ရောင်းချခြင်း စသည်တို့ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ထိန်းကျောင်းမှုရှိသည့်နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ် ကျင့်သုံးချိန်မှစ၍ စျေးကွက်၏ နိုင်ငံခြားသုံးငွေ လိုအပ်ချက်အားဖြည့်ဆည်းပေးရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ အတက်အကျလွန်စွာမြင့်မားခြင်းမရှိစေရန်တို့ အတွက် နိုင်ငံခြားငွေစျေးကွက်တွင် လိုအပ်သလို ဝင်ရောက် ထိန်းကျောင်းပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒတို့အား ကျင့်သုံးဆောင်ရွက်ရာတွင် ငွေကြေးဖောင်းပွမှုနှုန်းအား ထိန်းချုပ်ရန်အတွက်စျေးကွက်ရှိ စုစုပေါင်းငွေကြေးပမာဏအား ရည်မှန်းချက်ဘောင်အတွင်း ထိန်းသိမ်းခြင်းဖြင့် မိမိ၏ငွေကြေးမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

# အခန်း(၄)

# စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေ တင်ပြချက်

## စီးပွားရေးတိုးတက်မှုအခြေအနေ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရှေ့ပြေးအမှန် ကိန်းဂဏန်းများအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီးပွားရေးတိုးတက်မှု အခြေအနေအားတင်ပြပါသည်။ ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သဖြင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင်စီးပွားရေးတိုးတက်မှုနှုန်းမှာ ၇.၀ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၏ စီးပွားရေး တိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်းအောက်ကျဆင်းခဲ့ပါသည်။

အာဆီယံနိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ဗီယက်နမ်နိုင်ငံတို့နှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ဗီယက်နမ်နိုင်ငံထက် မြင့်မားပြီး ကမ္ဘောဒီးယားနိုင်ငံနှင့်တန်းတူရှိပါသည်။ (ပုံ-၁)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့်အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ထုတ်လုပ်မှုကဏ္ဍ ၆၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍ ၂၀ ရာခိုင်နှုန်း နှင့် ကုန်သွယ်မှုကဏ္ဍ ၁၉ ရာခိုင်နှုန်း အသီးသီး ပါဝင်ပါသည်။ (ပုံ-၂)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင်စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာပုံမှန်ဈေးနှုန်းအရ ကျပ်သန်းထောင်ပေါင်း ၅၆,၄၇၆ ရှိပြီး ပျမ်းမျှတစ်ဦးကျထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ်ထောင်ပေါင်း ၁,၃၈၆ ဖြစ်ပါသည်။ (ပုံ-၃)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးမြေများနှင့် ငါးမွေးမြူရေးကန်များပျက်စီးမှုနှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းများကြောင့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုနှုန်း ကျဆင်းခဲ့ခြင်းအပြင် အခြားကဏ္ဍကြီးများဖြစ်သည့် စက်မှုကဏ္ဍ နှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင်လည်းထုတ်လုပ်မှုများ ကျဆင်းခဲ့ခြင်းကြောင့် ယခင်နှစ်ကထက်ဂျီဒီပီ တိုးတက်မှုနှုန်းလျော့နည်းခဲ့ပါသည်။တိုင်းပြည်၏ စီးပွားရေး တိုးတက်မှုနှုန်းမှာလည်း မူလရည်မှန်းချက်၉.၃ရာခိုင်နှုန်းအောက်လျော့နည်းခဲ့ပါသည်။

## ငွေကြေးဖောင်းပွမှုအခြေအနေ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့စက်သုံးဆီဈေး ကျဆင်းလျက်ရှိသော်လည်း ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ် ကြောင့်လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ပြီးကုန်စည်စီးဆင်းမှုအခက်အခဲကြောင့်ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်း၊ ငွေလဲလှယ်နှုန်းမြင့်မား၍ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်းနှင့် ပျက်စီးခဲ့သည့် စိုက်ပျိုးမြေများ ပြန်လည်တည်ထောင်မှု၊ ကား၊ ရထားလမ်းများ နှင့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရန် အတွက် အသုံးစရိတ်များပိုမိုသုံးစွဲခဲ့ရပါသည်။ သို့ဖြစ်၍ အစိုးရအသုံးစရိတ် မြင့်မားခဲ့ပြီး ဗဟိုဘဏ်မှဘတ်ဂျက်လိုငွေ ဖြည့်ဆည်းမှုများပြားခဲ့သဖြင့် ငွေဖောင်းပွမှုနှုန်း မြင့်မားခဲ့ပါသည်။ ငွေဖောင်းပွမှုနှုန်းကို ဗဟိုစာရင်းအင်းအဖွဲ့၏ စားသုံးသူဈေးဆနှုန်းများအရ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအား အခြေခံနှစ်အဖြစ် တွက်ချက်ထားပါသည်။ဇယား(၁)

မြန်မာနိုင်ငံ၏ ၂၀၁၆ခုနှစ်၊ မတ်လရှိ ငွေကြေးဖောင်းပွမှု အခြေအနေမှာ ပျမ်းမျှငွေဖောင်းပွမှုနှုန်း ၉.၉၉ ရာခိုင်နှုန်းနှင့်နှစ်အလိုက် ငွေဖောင်းပွမှုနှုန်း ၈.၃၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်၊ မတ်လရှိ ငွေဖောင်းပွမှု အခြေအနေမှာ ပျမ်းမျှငွေဖောင်းပွမှုနှုန်း ၅.၁ ရာခိုင်နှုန်းနှင့် နှစ်အလိုက် ငွေဖောင်းပွမှုနှုန်း ၆.၁၁ ရာခိုင်နှုန်း ရှိသဖြင့် ငွေဖောင်းပွမှုနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။ (ပုံ-၄)




ဇာစ်မြစ် ။ ဗဟိုစာရင်းအင်းအဖွဲ့

တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းအရ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းကိုလေ့လာတင်ပြထားပါသည်။ဇယား(၂)

အစားအစာအုပ်စုအတွက် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းအရ၂၀၁၅ ခုနှစ်၊မတ်လတွင် ၈.၂၆ ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ်၊ မတ်လတွင် ၁၁.၈၃ ရာခိုင်နှုန်း ရှိသဖြင့်ယခင်နှစ် အလားတူကာလကထက် အစားအစာအုပ်စု၏ဈေးနှုန်းမှာ များစွာမြင့်မားခဲ့ပါသည်။

အစားအစာမဟုတ်သော အုပ်စု၏ဈေးဆနှုန်းမှာ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းအရ ၂၀၁၅ ခုနှစ်၊ မတ်လတွင် ၂.၈၉ ရာခိုင်နှုန်းရှိပြီး၊ ၂၀၁၆ ခုနှစ်၊ မတ်လတွင် ၂.၉၅ ရာခိုင်နှုန်းရှိသဖြင့်ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်သာမြင့်မားခဲ့သဖြင့် ငွေဖောင်းပွမှုမှ ထပ်ဆင့်တိုးသက်ရောက်မှု များစွာမရှိကြောင်းတွေ့ရှိရပါသည်။ (ပုံ-၅)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၆ ခုနှစ်၊ မတ်လတွင် အဓိကအုပ်စုများ၏ ငွေကြေးဖောင်းပွမှုနှုန်းများမှာ ဆေးလိပ်နှင့်အဖျော်ယမကာ၁၁.၆၅ရာခိုင်နှုန်း၊ အဝတ်အထည်၅.၅၂ ရာခိုင်နှုန်း၊အိမ်လခနှင့်အိမ်ပြင်ခ ၄.၀၆ ရာခိုင်နှုန်း၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် ၆.၃၇ရာခိုင်နှုန်း၊ ကျန်းမာရေး၅.၇၁ရာခိုင်နှုန်း၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှု ၂.၁ ရာခိုင်နှုန်း၊ ပညာရေး၂.၀၁ ရာခိုင်နှုန်း၊ပြင်ပအစားအသောက် ၅.၄၉ ရာခိုင်နှုန်းနှင့် အထွေထွေကုန်ပစ္စည်း ၁၀.၁၆ ရာခိုင်နှုန်း ရှိသဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လနှင့် နှိုင်းယှဉ်လျှင် ဆေးလိပ်နှင့် အဖျော်ယမကာနှင့် အထွေထွေကုန်ပစ္စည်းဈေးနှုန်းများမှာသိသာစွာမြင့်တက်

ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဆေးလိပ်နှင့် အဖျော်ယမကာဈေးနှုန်း မြင့်မားရခြင်းမှာ အဆိုပါ ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုနှုန်းထား တိုးမြှင့်ပြင်ဆင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၆ခုနှစ်၊ မတ်လတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး၃ မြို့၏ စားသုံးသူဈေးဆနှုန်းကိန်းအရ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ချင်းပြည်နယ်သည် ၂၄.၅၂ ရာခိုင်နှုန်းဖြင့်အမြင့်ဆုံး၊ ရခိုင်ပြည်နယ်သည် ၁၈.၆၉ ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံးနှင့် ကယားပြည်နယ်သည်၁၅.၂၁ ရာခိုင်နှုန်းဖြင့်တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပါသည်။ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောပြည်နယ်များတွင်ငွေကြေးဖောင်းပွမှုနှုန်းပိုမိုမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဇယား(၃)




ဇာစ်မြစ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့

မြန်မာနိုင်ငံ၏ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၆ခုနှစ်၊ မတ်လတွင် ၉.၉၉ ရာခိုင်နှုန်းရှိပြီး အခြားအိမ်နီးချင်းနှင့်အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ သိသာစွာမြင့်မားခဲ့ကြောင်းတွေ့ရပါသည်။(ပုံ-၆)

နိုင်ငံတော်အနေဖြင့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင်စီးပွားရေးအရဦးစားပေးဆောင်ရွက်သည့်လုပ်ငန်းများအပြင် လူမှုရေးအကျိုးအမြတ်ကိုဦးစားပေးဆောင်ရွက်သည့်လုပ်ငန်းများလည်း ပါဝင်သဖြင့် ငွေကြေးဖောင်းပွမှုကို အထိုက်အလျောက်ကြုံတွေ့ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထိုစီမံကိန်းများ အကောင်အထည်ဖော်ခြင်းကြောင့် ဆင်းရဲမှုလျော့ကျ၍ အများပြည်သူအားလုံးပါဝင်သည့် တိုးတက်မှု (Inclusive Growth) ကို ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှုအား သင့်တင့်မျှတသည့်အနေအထားတွင်ရှိရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးမူဝါဒနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်ရေးမူဝါဒနှင့်လည်း ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရန်လိုအပ်ပါသည်။

## ဘဏ္ဍာရေးအခြေအနေ

ပြုပြင်ပြီး ရသုံးမှန်းခြေငွေစာရင်းအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရငွေနှင့် ဂျီဒီပီ အချိုး ၂၃ ရာခိုင်နှုန်း၊ သုံးငွေနှင့် ဂျီဒီပီအချိုး ၂၇ ရာခိုင်နှုန်းနှင့် ဘတ်ဂျက် လိုငွေနှင့် ဂျီဒီပီ အချိုးမှာ ၄ ရာခိုင်နှုန်းရှိခဲ့ ပါသည်။(ပုံ-၇)




ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လိုငွေ ဖြည့်ဆည်းရန်အတွက်အစိုးရငွေတိုက်စာချုပ် ကျပ်သန်းထောင်ပေါင်း၂၈၆ နှင့်အစိုးရငွေတိုက် လက်မှတ် ကျပ်သန်းထောင်ပေါင်း ၃,၅၂၃ အသားတင် ရောင်းချခဲ့ရပါသည်။ အစိုးရ၏ အမှန်ပြည်တွင်းမှ ချေးယူငွေ၏ ၉၁ ရာခိုင်နှုန်း အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရ ငွေတိုက်လက်မှတ်များဝယ်ယူခြင်းဖြင့် ဖြည့်ဆည်း ပေးခဲ့ပါသည်။

## ကုန်သွယ်မှုအခြေအနေ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ကိန်းဂဏန်း များအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅,၄၂၉သန်းဖြစ်ပြီး၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် တွင်ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄,၁၀၉ သန်း ဖြစ်သဖြင့် ယခင်နှစ်ကထက် လိုငွေဖြစ်ပေါ်မှုမှာ အမေရိကန်ဒေါ်လာ ၁,၃၂၀ သန်း (ရာခိုင်နှုန်းအားဖြင့် ၃၂ ရာခိုင် နှုန်း) မြင့်တက်ခဲ့ပါသည်။

စုစုပေါင်းပို့ကုန်တန်ဖိုးမှာ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁,၁၄၉ သန်းဖြစ်ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂,၅၂၄ သန်း ဖြစ်၍ ယခင်နှစ်ကထက် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁,၃၇၅ သန်းလျော့နည်းခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကဏ္ဍအလိုက် ပို့ကုန်တင်ပို့မှုအခြေအနေမှာ သား၊ငါးပို့ကုန် ၁၁ ရာခိုင်နှုန်း၊ သစ်တောထွက်ကုန် ၁၁၄.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊လယ်ယာထွက်ကုန် ပစ္စည်း ၈.၄ ရာခိုင်နှုန်း၊ သတ္တုနှင့်တွင်းထွက် ပစ္စည်း ၃၄.၆ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်း၁၀.၇ ရာခိုင်နှုန်း နှင့်အခြားထုတ်ကုန် ၈.၄ရာခိုင်နှုန်း လျော့ကျခဲ့ပါသည်။

စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆,၅၇၈သန်းဖြစ်ပြီး၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင်အမေရိကန်ဒေါ်လာ၁၆,၆၃၃သန်းဖြစ်၍ ယခင်နှစ်ကထက်သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၅ သန်းလျော့နည်းခဲ့ပါသည်။ (ပုံ-၈)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပို့ကုန်တင်ပို့မှုထက် သွင်းကုန်တင်သွင်းမှုက ပို၍များသောကြောင့်ကုန်သွယ်မှုလိုငွေ မြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။ သွင်းကုန် အခြေအနေအားစိစစ်ရာ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်ရင်းနှီး ကုန်စည်များ (Capital Goods)နှင့် ကြားခံ ကုန်စည်များ (Intermediate Goods) ကို တင်သွင်းမှုများပြားခြင်းကြောင့် အဓိကဖြစ် ပြီး၊ သွင်းကုန်၏ ၅၁ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်း အသီးသီးရှိပါသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း ရင်းနှီးကုန်စည်တင်သွင်းမှု ၁၁.၅ ရာခိုင်နှုန်း တိုးမြင့်လာပြီး၊ ကြားခံကုန်စည်တင်သွင်းမှု ၁.၆ရာခိုင်နှုန်းနှင့် စားသုံးကုန်စည်တင်သွင်း မှု ၂၁.၂ ရာခိုင်နှုန်း အသီးသီး လျော့နည်းခဲ့ ပါသည်။ ဇယား(၄)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း မြန်မာနိုင်ငံမှ အများဆုံးပို့ကုန်တင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့ ဖြစ်ပြီး၊ အများဆုံး သွင်းကုန်တင်သွင်းသည့် နိုင်ငံများမှာ တရုတ်၊ စင်ကာပူ၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် စုစုပေါင်းကုန်သွယ်မှု အများဆုံးနိုင်ငံများမှာ တရုတ်၊ ထိုင်း နှင့် စင်ကာပူနိုင်ငံတို့ဖြစ်ပါ သည်။ (ပုံ-၉)




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## နိုင်ငံခြားငွေပေးငွေယူစာရင်းအခြေအနေ

နိုင်ငံခြားငွေပေးငွေယူ စာရင်းအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုအတွက် အသားတင်စီးထွက်ငွေ အမေရိကန်ဒေါ်လာ ၄,၀၀၆ သန်း၊ ဝန်ဆောင်မှုအတွက် အသားတင်စီးထွက်ငွေ အမေရိကန်ဒေါ်လာ ၁,၄၀၃သန်းရှိပြီး၊ ပုဂ္ဂလိကပိုင်ကဏ္ဍမှပြည်ပလွှဲပို့ငွေ အမေရိကန်ဒေါ်လာ ၂,၁၀၄ သန်း ရှိပါသည်။

သို့ဖြစ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် သာမန်စာရင်းတွင် လိုငွေ အမေရိကန်ဒေါ်လာ ၃,၃၀၅သန်းပေါ်ပေါက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပို့ကုန်ထက် သွင်းကုန်ပမာဏ ပိုမိုများပြားခြင်းနှင့် အသားတင်ဝန်ဆောင်မှုလိုငွေ ဖြစ်ပေါ်ခဲ့ခြင်းများကြောင့်နိုင်ငံခြားသို့အသားတင် စီးထွက်ငွေ များပြားသဖြင့် သာမန်စာရင်းတွင် လိုငွေဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ချေးငွေပြန်လည်ပေးဆပ်မှုများပြားခဲ့သဖြင့် အခွင့်မသာသော နိုင်ငံခြားငွေပေးငွေယူစာရင်း ဖြစ်ပေါ်ခဲ့ပြီး စုစုပေါင်းလိုငွေ အမေရိကန်ဒေါ်လာ ၄၁၉ သန်း ပေါ်ပေါက်ခဲ့ပါသည်။

## နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ

၂၀၁၆ခုနှစ်၊ မတ်လတွင် စုစုပေါင်းနိုင်ငံခြားသုံးသီးသန့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၈.၈ဘီလီယံရှိပြီးနိုင်ငံပိုင် နိုင်ငံခြားသုံးသီးသန့်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၄.၅၁ ဘီလီယံ ဖြစ်ပါသည်။

၂၀၁၅ခုနှစ်၊မတ်လကုန်တွင် စုစုပေါင်းနိုင်ငံခြားသုံးသီးသန့်ငွေမှာသွင်းကုန်၏ ၆.၇ လစာပမာဏနှင့် နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေမှာသွင်းကုန်၏ ၃.၂ လစာပမာဏ ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မတ်လကုန်တွင် စုစုပေါင်းနိုင်ငံခြားသုံးသီးသန့်ငွေမှာသွင်းကုန်၏ ၅.၆ လစာပမာဏနှင့် နိုင်ငံပိုင်နိုင်ငံခြားသုံးသီးသန့်ငွေမှာသွင်းကုန်၏ ၂.၈လစာပမာဏရှိပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်တွင် နိုင်ငံခြားသုံးငွေ စီးဆင်းမှုလွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျ မြင့်မားခြင်းအား ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံခြားသုံးငွေ ဈေးပြိုင်လေလံမှတဆင့်အမေရိကန်ဒေါ်လာအား ပုဂ္ဂလိကဘဏ်များသို့ ရောင်းဝယ်ဆောင်ရွက်ပေးခြင်းဖြင့်ဈေးကွက်အားလိုအပ်သလို ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါသည်။ ဇယား(၅)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်၏ ဈေးကွက်ငွေလဲလှယ်နှုန်းမှာ အမြင့်ဆုံး ၁,၃၁၁ ကျပ်နှင့် အနိမ့်ဆုံး ၁,၀၇၅ ကျပ် ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလဆန်းတွင် ၁,၀၈၄ ကျပ်ရှိရာမှ ၂၀၁၆ ခုနှစ်၊မတ်လတွင် ၁,၂၀၁ ကျပ်ဖြစ်သဖြင့် တစ်နှစ်အတွင်း မြန်မာကျပ်ငွေတန်ဖိုးမှာ ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်၏ဈေးကွက်ငွေလဲလှယ်နှုန်းမှာ ၂၀၁၅ ခုနှစ် ဧပြီလဆန်းတွင် ၁,၀၈၄ ကျပ် ရှိရာမှ ဩဂုတ်လနှောင်းပိုင်းတွင် ၁,၂၉၆ ကျပ်ထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး၊ ၎င်းကာလအတွင်း မြန်မာကျပ်ငွေတန်ဖိုး ၂၀ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။၂၀၁၅ ခုနှစ် စက်တင်ဘာလဆန်းမှ၂၀၁၆ ခုနှစ်၊ဇန်နဝါရီလကုန်ထိငွေလဲလှယ်နှုန်းသည် ၁,၂၇၅ ကျပ်နှင့် ၁,၃၁၁ ကျပ်အတွင်း အတက်အကျ အနည်းငယ်ရှိခဲ့ပြီး၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစ၍ ငွေလဲလှယ်နှုန်းများ ဆက်တိုက်ပြန်လည်ကျဆင်းခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ၁,၂၀၁ ကျပ်သို့ ရောက်ရှိခဲ့ပါသည်။ သို့ဖြစ်၍ ဈေးကွက်ငွေလဲလှယ်နှုန်းအရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ မတ်လကုန်အထိ မြန်မာကျပ်ငွေမှာ ၆.၉ ရာခိုင်နှုန်း တန်ဖိုးပြန်လည်မြင့်တက်ခဲ့ပါသည်။ (ပုံ-၁၀)




ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံမှတစ်ဆင့် ဘဏ်များသို့ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၆၄ သန်း ရောင်းချခဲ့ပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၄၆၆ သန်းဝယ်ယူခဲ့သဖြင့်အသားတင်ရောင်းချမှု ပမာဏ အမေရိကန်ဒေါ်လာ ၉၈ သန်းရှိခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေလေလံနှင့် ဘဏ်အချင်းချင်းနိုင်ငံခြားငွေဈေးကွက်တို့၌ဘဏ်များ၏စုစုပေါင်း ဝယ်ယူမှု အမေရိကန်ဒေါ်လာ ၁,၃၇၉ သန်းနှင့် စုစုပေါင်းရောင်းချမှု အမေရိကန်ဒေါ်လာ ၂,၅၅၅ သန်းရှိခဲ့ပါသည်။ (ပုံ-၁၁)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်၏ နိုင်ငံခြားငွေလိုအပ်ချက်အား ဖြည့်ဆည်းရန်နှင့် ငွေလဲလှယ်နှုန်းများ အတက်အကျ လွန်စွာမြင့်မားမှု မရှိစေရန် ရည်ရွယ်၍ ဘဏ်များသို့ စက်သုံးဆီ၊ စားအုန်းဆီများကိုလိုင်စင်ဖွင့်ဝယ်ယူခြင်းများ အတွက် ရောင်းချပေးခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရည်ညွှန်းနိုင်ငံခြား ငွေလဲလှယ်နှုန်းနှင့် ဈေးကွက် နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏ ကွာဟချက်မှာ ၂၀၁၅ ခုနှစ် ဇွန်လ ဒုတိယပတ်အတွင်း အမြင့်ဆုံး ၁၂ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ဇွန်လ တတိယပတ်မှ ဇူလိုင်လလယ်ခန့်ထိ ၆ ရာခိုင်နှုန်း ဝန်းကျင် တွင်ရှိခဲ့ပါသည်။ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ တတိယပတ်မှ ၂၀၁၆ ခုနှစ် မတ်လကုန်ထိ ငွေလဲလှယ်နှုန်းများအကြား ကွာဟချက်မှာ ၂ ရာခိုင်နှုန်း ဘောင်အတွင်း ရှိခဲ့ပါသည်။ (ပုံ-၁၂)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဈေးကွက် နိုင်ငံခြားငွေလဲလှယ်နှုန်းတို့၏ နေ့စဉ်ပြောင်းလဲ မှုနှုန်းမှာအများအားဖြင့် ၁ ရာခိုင်နှုန်းခန့်သာ ရှိခဲ့ပါသည်။ (ပုံ-၁၃)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ကုန်သွယ်မှုလိုငွေနှင့် ဘတ်ဂျက်လိုငွေ မြင့်မားလာခြင်းအပြင်၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ တွင်အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းမြှင့်တင် ခဲ့သဖြင့်အမေရိကန်ဒေါ်လာ အားကောင်းခိုင်မာ လာခြင်းတို့ကြောင့် အခြားနိုင်ငံခြားငွေကြေး များနည်းတူ မြန်မာကျပ်ငွေတန်ဖိုး အထိုက် အလျောက် ကျဆင်းခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တွင် ဈေးကွက်ငွေလဲလှယ်နှုန်းအရ မြန်မာ ကျပ်ငွေတန်ဖိုး ၁၁ ရာခိုင်နှုန်းတန်ဖိုး ကျဆင်းခဲ့ ပါသည်။ ပေါင်စတာလင် ၃.၀၉ ရာခိုင်နှုန်း၊ အိန္ဒိယရူပီး ၆.၇၃ ရာခိုင်နှုန်း၊ ထိုင်းဘတ် ၈.၄၃ ရာခိုင်နှုန်း၊ တရုတ်ယွမ် ၄.၃၀ ရာခိုင်နှုန်း၊ မလေးရှားရင်းဂစ် ၆.၆၇ ရာခိုင်နှုန်းနှင့် ကိုရီးယားဝမ် ၄.၁၆ ရာခိုင်နှုန်း အသီးသီး တန်ဖိုးကျဆင်းခဲ့ပြီး၊ ဂျပန်ယန်း၆.၂၀ ရာခိုင်နှုန်း၊ ယူရို ၅.၁၅ ရာခိုင်နှုန်း စင်ကာပူဒေါ်လာ ၀.၉၈ ရာခိုင်နှုန်း တန်ဖိုးမြင့်တက်ခဲ့ပါ သည်။(ပုံ-၁၄)

ပုံ(၁၄) နိုင်ငံခြားငွေကြေးတန်ဖိုး ကျဆင်း/မြင့်တက်မှု အခြေအနေ




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာ ကျပ်ငွေနှင့် အဓိကကုန်သွယ်ဘက် နိုင်ငံများ ၏ငွေကြေးအုပ်စု၏ထိရောက်သောအမည်ခံ ငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate – NEER) အရ ၁၃ ရာခိုင်နှုန်းနှင့် ထိရောက်သော အမှန်ငွေလဲ လှယ်နှုန်း (Real Effective Exchange Rate – REER) အရ ၇ ရာခိုင်နှုန်း အသီးသီးတန်ဖိုး ကျဆင်းခဲ့ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသည် မိမိ၏ အဓိက ကုန်သွယ်ဘက် နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ငွေဖောင်းပွမှုနှုန်း မြင့်မား သည့် အခြေအနေကြောင့် မြန်မာကျပ်ငွေ တန်ဖိုး ကျဆင်းခြင်းကြောင့် ရရှိနိုင်သည့် ပို့ကုန် ယှဉ်ပြိုင်နိုင်စွမ်းမှာ အားသာသင့်

သလောက် မရရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၁၅)၊ ဇယား(၆)




ဓာတ်မြစ် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေကြေးပမာဏအခြေအနေ

စုစုပေါင်းငွေကြေးပမာဏ (M2) အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်း တိုးရန် ရည်မှန်းချက် ထားရှိပါသည်။ စုစုပေါင်းငွေကြေးပမာဏမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် ကျပ်သန်းထောင်ပေါင်း ၂၈,၅၂၅ ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် ကျပ်သန်းထောင်ပေါင်း ၃၆,၀၄၀ ရှိခဲ့သဖြင့် ယခင်နှစ်ကထက် ၂၆ ရာခိုင်နှုန်း တိုးတက်ခဲ့သောကြောင့် ရည်မှန်းချက်ထက် အနည်းငယ်ကျော်လွန်ခဲ့ပါသည်။ စုစုပေါင်းငွေကြေးပမာဏမှာ ၂၀၁၆ ခုနှစ်၊ မတ်လကုန်တွင် ဂျီဒီပီ၏ ၄၉.၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရေကြီးရေလျှံသဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် စိုက်ပျိုးမြေများ ပြန်လည်တည်ထောင်မှုကား၊ ရထားလမ်းများနှင့် တံတားများပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် အသုံးစရိတ်များ ပိုမိုသုံးစွဲခဲ့ရပါသည်။ သို့ဖြစ်၍ မြင့်မားလာသည့် အစိုးရအသုံးစရိတ်အတွက် ဗဟိုဘဏ်မှဘတ်ဂျက်လိုငွေဖြည့်ဆည်းမှုအား အစိုးရ၏ အမှန်ပြည်တွင်းမှချေးယူငွေ၏ ၉၁.၆ ရာခိုင်နှုန်းထိ များပြားစွာ ဖြည့်ဆည်းပေးခဲ့ရသဖြင့် စီးပွားရေးစနစ်မှပိုလျှံငွေကြေးများကိုတိုးမြှင့်နှုတ်သိမ်းခဲ့သော်လည်း အမှန်စုစုပေါင်းငွေကြေး ပမာဏမှာ ရည်မှန်းချက်ထက် ကျော်လွန်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အပ်ငွေလေလံစုစုပေါင်း (၂၃) ကြိမ်ခေါ်ယူခဲ့ပြီး၊ တစ်ကြိမ်လျှင်ပျမ်းမျှကျပ်သန်းထောင်ပေါင်း ၂၄၇(သီးသန့်ငွေကြေး၏၁.၆ရာခိုင်နှုန်း)ဖြင့် စုစုပေါင်း ကျပ်သန်းထောင်ပေါင်း ၅,၆၈၃ စီးပွားရေးစနစ်မှ နှုတ်သိမ်းနိုင်ခဲ့ပါသည်။ ဇယား(၇)

၂၀၁၆ခုနှစ်၊မတ်လကုန်တွင်လှည့်လည်သုံးစွဲငွေပမာဏမှာ ကျပ်သန်းထောင်ပေါင်း ၁၀,၁၅၇ နှင့် စုဆောင်းမှုအပ်ငွေအပါအဝင် ဘဏ်အပ်နှံငွေစုစုပေါင်းမှာကျပ်သန်းထောင်ပေါင်း ၂၅,၈၈၃ ရှိခဲ့သဖြင့် ယခင်နှစ်ကထက်

၁၈ ရာခိုင်နှုန်း နှင့် ၃၀ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပါသည်။ ဘဏ်စာရင်းရှင်အပ်ငွေမှာ ကျပ်သန်းထောင်ပေါင်း ၄,၆၆၂ နှင့် စုဆောင်းမှုအပ်ငွေမှာ ကျပ်သန်းထောင်ပေါင်း ၂၁,၂၂၁ အသီးသီး ရှိခဲ့ပါသည်။ (ပုံ-၁၆)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စုစုပေါင်းငွေကြေးပမာဏကို ပြောင်းလဲစေသည့်အချက်များ (Factors Effecting Money) များမှာ နိုင်ငံခြားရရန်ပိုင်ခွင့်များ၊ အစိုးရကဏ္ဍသို့ချေးငွေများ၊ ပုဂ္ဂလိက ကဏ္ဍသို့ ချေးငွေများ၊ အခြားကဏ္ဍများသို့ ချေးငွေများ နှင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ ပေးရန်တာဝန်များ ဖြစ်ပါသည်။ အသားတင်နိုင်ငံခြား ရရန်ပိုင်ခွင့်များမှာ ၂၀၁၅ ခုနှစ်၊ မတ်လကုန်တွင် ကျပ်သန်းထောင်ပေါင်း ၈,၀၁၄ ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ် မတ်လကုန်တွင်ကျပ်သန်းထောင်ပေါင်း ၉,၃၁၇ရှိသဖြင့် ယခင်နှစ်ကထက် ၁၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ တိုးတက်လာခြင်းမှာ ငွေလဲလှယ်နှုန်း မြင့်မားပြီး မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းကြောင့် ဖြစ်ပါသည်။ အစိုးရကဏ္ဍသို့ ချေးငွေများမှာ ၂၀၁၅ ခုနှစ် မတ်လကုန်တွင် ကျပ်သန်းထောင်ပေါင်း ၁၀,၁၈၇ ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်၊ မတ်လကုန်တွင် ကျပ်သန်းထောင်ပေါင်း ၁၃,၄၁၆ ရှိသဖြင့် ယခင်နှစ်ကထက် ၃၂ ရာခိုင်နှုန်းတိုးတက် ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍသို့ ချေးငွေမှာ ၂၀၁၅ ခုနှစ်၊ မတ်လကုန်တွင် ကျပ်သန်းထောင်ပေါင်း ၁၀,၁၈၃ ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်၊ မတ်လကုန်တွင် ကျပ်သန်းထောင်ပေါင်း ၁၃,၆၆၇ ရှိသဖြင့် ယခင်နှစ်ကထက် ၃၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ (ပုံ-၁၇)၊ ဇယား(၈)




ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ကဏ္ဍအလိုက်ချေးငွေထုတ်ချေးမှုမှာ ကုန်သွယ်မှု ၃၃ရာခိုင်နှုန်း၊ လယ်ယာ၊ သား၊ ငါး ၁၃ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ၁၄ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၁၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ၁၂ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေး ၁ ရာခိုင်နှုန်း နှင့် အထွေထွေ ၁၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

**အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း**

အစိုးရဘတ်ဂျက်လိုငွေအား အများပြည်သူစုဆောင်းမှုဖြင့် ဖြည့်ဆည်းရန်နှင့် ကာလလတ်နှင့်ကာလရှည် ရင်းနှီးမြှုပ်နှံမှုကို အားပေးဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ၂ နှစ်၊ ၃နှစ်နှင့် ၅နှစ် သက်တမ်းအသီးသီးရှိ အစိုးရငွေတိုက်စာချုပ်များထုတ်ဝေရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှအစိုးရကိုယ်စားဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ခုနှစ်ဒီဇင်ဘာလမှစ၍ အစိုးရငွေတိုက်စာချုပ်များအား Scripless System အသုံးပြု၍ အတိုးနှုန်းသတ်မှတ်ချက်မထားဘဲ ဈေးပြိုင်စနစ်ဖြင့် ထုတ်ဝေရောင်းချသွားရန် အတွက်ပြင်ဆင်မှုများဆောင်ရွက်ရန် အစိုးရငွေတိုက်စာချုပ် ရောင်းချပေးမှုအား ခေတ္တရပ်ဆိုင်းခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်စာချုပ်ရောင်းရငွေ စုစုပေါင်းမှာ ကျပ်သန်းထောင်ပေါင်း ၈၀၉.၂၂ ဖြစ်ပြီး၊ ရွေးနှုတ်မှုကျပ်သန်းထောင်ပေါင်း၁၀၉၄.၉၆ ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၆ခုနှစ်၊ မတ်လကုန်တွင် အစိုးရငွေတိုက်စာချုပ် လက်ကျန်တန်ဖိုးမှာကျပ်သန်းထောင်ပေါင်း ၂၆၁၄.၇၃ ဖြစ်ပါသည်။ ဇယား(၉)

ငွေကြေးဖောင်းပွမှုအားဖြစ်ပေါ်စေနိုင်သည့် ဗဟိုဘဏ်မှအစိုးရဘတ်ဂျက်လိုငွေအား တိုက်ရိုက်ဖြည့်ဆည်းပေးခြင်းကို လျော့ချနိုင်စေရန်နှင့်ထိရောက်သော အစိုးရကြွေးမြီစီမံခန့်ခွဲမှုဖြစ်ပေါ်စေရန်အတွက်သက်တမ်း(၉၂) ရက်ရှိ အစိုးရငွေတိုက်လက်မှတ်များအား လေလံစနစ်ဖြင့် ရောင်းချခြင်းကို အရှိန်ဖြင့်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်လက်မှတ် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမှု (၂၂) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အစိုးရငွေတိုက်လက်မှတ်စုစုပေါင်း ကျပ်သန်းထောင်ပေါင်း ၁၂၂၅ရောင်းချခဲ့ပြီး၊ ကျပ်သန်းထောင်ပေါင်း ၆၆၈.၁၂ ရွေးနှုတ်ခဲ့သဖြင့် အသားတင် ကျပ်သန်းထောင်ပေါင်း ၅၅၆.၉ ကိုဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ပါသည်။ အစိုးရငွေတိုက်လက်မှတ်၏ လျော့နှုန်းအား ဈေးကွက်မှ

ဆုံးဖြတ်သည့်နှုန်းထားအတိုင်း သတ်မှတ်ပေးခဲ့ပြီး အတိုးနှုန်းမှာ ၆.၀ မှ ၈.၂၀ ရာခိုင်နှုန်း အတွင်းရှိခဲ့ပါသည်။ ဇယား(၁၀)

**ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေအခြေအနေ**

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် မတ်လကုန်တွင် ငွေရေးကြေးရေးကုမ္ပဏီ (၈) ခုမှ ထုတ်ချေးငွေစုစုပေါင်းမှာ ကျပ်သန်းထောင်ပေါင်း ၂၇.၃၅ ရှိပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ခွင့်ပြုခဲ့သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၂၂၆) ခုရှိ ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် (၂၆၀) ခု ရှိခဲ့ပါသည်။ (ပုံ-၁၈)




ဇစ်မြစ်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုဆောင်းငွေမှာ ကျပ်သန်းထောင်ပေါင်း ၇၅.၃၁ နှင့် ထုတ်ချေးငွေမှာ ကျပ်သန်းထောင်ပေါင်း ၉၈၆.၈၅ ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုဆောင်းငွေမှာ ကျပ်သန်းထောင်ပေါင်း ၉၀.၀၅ နှင့် ထုတ်ချေးငွေမှာ ကျပ်သန်းထောင်ပေါင်း ၁၄၅၀.၀၇ရှိပါသည်။

သို့ဖြစ်၍၂၀၁၆ခုနှစ် မတ်လကုန်တွင် စုဆောင်းငွေမှာ ယခင်နှစ်ကထက် ၁.၁၉ဆ တိုးတက်ခဲ့ပြီး၊ ချေးငွေမှာ ၁.၄၇ ဆခန့် တိုးတက်ခဲ့ပါသည်။

# နောက်ဆက်တွဲဇယားများ

**ဇယား(၁) ငွေကြေးဖောင်းပွမှုနှုန်းများ (၂၀၁၅- ၂၀၁၆)**

(အခြေခံနှစ်၊ ၂၀၁၂ = ၁၀၀)

| ခုနှစ် | စားသုံးသူ ဈေးဆနှုန်းကိန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း |
|---|---|---|---|
| ၂၀၁၅ မတ် | ၁၁၃.၇၈ | ၅.၁၀ | ၆.၁၁ |
| ဧပြီ | ၁၁၅.၀၁ | ၅.၁၄ | ၆.၄၂ |
| မေ | ၁၁၆.၆၃ | ၅.၂၂ | ၆.၈၀ |
| ဇွန် | ၁၁၇.၉၄ | ၅.၃၉ | ၇.၅၈ |
| ဇူလိုင် | ၁၁၉.၆၁ | ၅.၆၇ | ၈.၇၃ |
| ဩဂုတ် | ၁၂၄.၀၆ | ၆.၃၇ | ၁၂.၄၇ |
| စက်တင်ဘာ | ၁၂၅.၁၅ | ၇.၁၉ | ၁၃.၅၁ |
| အောက်တိုဘာ | ၁၂၆.၀၆ | ၈.၀၈ | ၁၄.၂၆ |
| နိုဝင်ဘာ | ၁၂၇.၂၀ | ၈.၉၅ | ၁၄.၃၆ |
| ဒီဇင်ဘာ | ၁၂၄.၂၅ | ၉.၄၂ | ၁၀.၆၀ |
| ၂၀၁၆ ဇန်နဝါရီ | ၁၂၂.၈၈ | ၉.၆၀ | ၈.၃၅ |
| ဖေဖော်ဝါရီ | ၁၂၂.၉၁ | ၉.၈၀ | ၈.၄၃ |
| မတ် | ၁၂၃.၃၃ | ၉.၉၉ | ၈.၃၉ |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား (၂) တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းအရ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း(၂၀၁၅ - ၂၀၁၆)**

(အခြေခံနှစ်၊၂၀၁၂ = ၁၀၀)

| အကြောင်းအရာ | အလေးပေး ရာခိုင်နှုန်း | ၂၀၁၅ | | | | ၂၀၁၆ |
|---|---|---|---|---|---|---|
| | | မတ် | ဇွန် | စက်တင်ဘာ | ဒီဇင်ဘာ | မတ် |
| **အုပ်စုအားလုံး** | ၁၀၀ | ၆.၁၁ | ၇.၅၈ | ၁၃.၅၁ | ၁၀.၆၀ | ၈.၃၉ |
| **အစားအစာအုပ်စု** | ၅၈.၅၁ | ၈.၂၆ | ၁၀.၁၉ | ၁၉.၃၉ | ၁၄.၄၁ | ၁၁.၈၃ |
| ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၈.၈၉ | ၁၃.၀၅ | ၁၄.၁၂ | ၁၇.၉၁ | ၁၁.၆၅ |
| အဝတ်အထည် | ၃.၂၃ | ၅.၈၂ | ၅.၉၁ | ၈.၉၁ | ၈.၇၈ | ၅.၅၂ |
| အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၇.၁၄ | ၇.၅၈ | ၈.၂၇ | ၇.၅၃ | ၄.၀၆ |
| အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၄.၀၇ | ၄.၀၇ | ၆.၆၆ | ၈.၄၁ | ၆.၃၇ |
| ကျန်းမာရေး | ၂.၁၃ | ၈.၀၈ | ၈.၉၈ | ၇.၁၉ | ၈.၉၃ | ၅.၇၁ |
| သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | -၆.၃၃ | -၅.၆၀ | -၅.၆၈ | -၅.၈၅ | -၅.၇၉ |
| ဆက်သွယ်ရေး | ၁.၆၂ | ၀.၈၉ | ၀.၈၁ | -၀.၀၈ | -၀.၂၀ | -၀.၅၁ |
| အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၂.၆၆ | ၃.၀၆ | ၂.၅၆ | ၄.၁၇ | ၂.၁၀ |
| ပညာရေး | ၂.၁၅ | ၂.၂၅ | ၂.၀၂ | ၂.၀၇ | ၁.၂၀ | ၂.၀၁ |
| ပြင်ပအစားအသောက် | ၅.၉၅ | ၅.၉၈ | ၄.၇၇ | ၆.၆၇ | ၇.၀၀ | ၅.၄၉ |
| အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၄.၇၄ | ၉.၆၆ | ၁၂.၀၉ | ၁၁.၀၀ | ၁၀.၁၆ |
| **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၂.၈၉** | **၃.၅၅** | **၄.၄၄** | **၄.၆၂** | **၂.၉၅** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား (၃) တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆန်းအရ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ( ၂၀၁၅-၂၀၁၆ )**

(အခြေခံနှစ်၊၂၀၁၂ =၁၀၀)

| စဉ် | ပြည်နယ်/ တိုင်း | အလေးပေး ရာခိုင်နှုန်း | ၂၀၁၅ မတ်လ | ၂၀၁၆ မတ်လ |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၃.၁၄ | ၂.၈၀ | ၇.၁၅ |
| ၂ | ကယားပြည်နယ် | ၀.၅၃ | ၄.၈၀ | ၁၅.၂၁ |
| ၃ | ကရင်ပြည်နယ် | ၃.၀၂ | ၂.၂၁ | ၅.၉၈ |
| ၄ | ချင်းပြည်နယ် | ၀.၉၃ | ၇.၅၀ | ၂၄.၅၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၂၈ | ၅.၁၆ | ၁၀.၁၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၅၀ | ၁.၉၁ | ၆.၃၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၅၇ | ၅.၉၅ | ၉.၈၀ |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | ၁၀.၀၇ | ၄.၇၇ | ၁၁.၈၉ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၀.၇၀ | ၅.၆၂ | ၉.၉၅ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၇.၄၃ | ၄.၁၈ | ၉.၂၀ |
| ၁၁ | မွန်ပြည်နယ် | ၄.၈၅ | ၃.၇၄ | ၇.၉၉ |
| ၁၂ | ရခိုင်ပြည်နယ် | ၄.၈၄ | ၆.၆၃ | ၁၈.၆၉ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၇.၂၁ | ၇.၀၉ | ၉.၁၇ |
| ၁၄ | ရှမ်းပြည်နယ် | ၉.၇၅ | ၄.၆၄ | ၁၀.၀၃ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၃၁ | ၁.၉၃ | ၇.၈၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၈ | ၇.၀၁ | ၉.၁၂ |
| ၁၇ | မန္တလေးမြို့ | ၂.၅၇ | ၅.၅၄ | ၇.၁၅ |
| ၁၈ | နေပြည်တော် | ၀.၆၄ | ၂.၄၈ | ၇.၈၈ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၅.၁၀** | **၉.၉၉** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား (၄) စုစုပေါင်း ပို့ကုန်နှင့်သွင်းကုန်အခြေအနေပြဇယား**

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် |
|---|---|---|---|
| ၁ | **စုစုပေါင်းပို့ကုန်** | **၁၂,၅၂၄** | **၁၁,၁၃၉** |
| | လယ်ယာ | ၂,၉၂၄ | ၂,၆၇၈ |
| | သားငါး | ၄၃၀ | ၄၇၇ |
| | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁,၄၆၉ | ၉၆၁ |
| | သစ်တော | ၉၉ | ၂၁၂ |
| | ထုတ်လုပ်မှု | ၆,၂၃၃ | ၅,၅၆၇ |
| | အခြား | ၁,၃၆၉ | ၁,၂၅၄ |
| ၂ | **စုစုပေါင်းသွင်းကုန်** | **၁၆,၆၃၃** | **၁၆,၅၇၈** |
| | ရင်းနှီးကုန်စည် | ၇,၆၀၅ | ၈,၄၈၁ |
| | ကြားခံကုန်စည် | ၅,၀၀၈ | ၄,၉၂၈ |
| | စားသုံးကုန်စည် | ၄,၀၂၀ | ၃,၁၆၉ |
| ၃ | **စုစုပေါင်းကုန်သွယ်မှု ပမာဏ** | **၂၉,၁၅၇** | **၂၇,၇၂၇** |
| ၄ | **ပိုငွေ/လိုငွေ** | **-၄,၁၀၉** | **-၅,၄၃၉** |

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**ဇယား(၅) နိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ဗဟိုဘဏ်၏နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံတွင် ရောင်းဝယ်မှုအခြေအနေပြဇယား (၂၀၁၅-၂၀၁၆)**

| ကာလ | ရည်ညွှန်း နိုင်ငံခြား ငွေလဲ လှယ်နှုန်း | အဝေး ငွေလဲ လှယ် နှုန်း | ဈေးကွက်နိုင်ငံခြား ငွေလဲလှယ်နှုန်း | | ဗဟိုဘဏ်မှ ဝင်ရောက်ရောင်းဝယ်ပေးမှု အမေရိကန်ဒေါ်လာ |
|---|---|---|---|---|---|
| | | | ဝယ်ဈေး | ရောင်း ဈေး | (-) အသားတင်ရောင်းချမှု (+) အသားတင်ဝယ်ယူမှု |
| ၂၀၁၅ မတ် | ၁၀၂၇ | ၁,၀၈၈ | ၁,၀၈၅ | ၁,၀၈၆ | ၁၅,၄၀၀,၀၀၀ |
| ဧပြီ | ၁,၀၇၈ | ၁,၀၉၂ | ၁,၀၉၀ | ၁,၀၉၁ | ၉၀၀,၀၀၀ |
| မေ | ၁,၀၉၀ | ၁,၁၄၂ | ၁,၁၃၉ | ၁,၁၄၀ | ၃၀,၀၀၀,၀၀၀ |
| ဇွန် | ၁,၁၁၀ | ၁,၁၈၉ | ၁,၁၈၂ | ၁,၁၈၅ | ၃၄,၄၀၀,၀၀၀ |
| ဇူလိုင် | ၁,၂၃၆ | ၁,၂၃၅ | ၁,၂၃၅ | ၁,၂၃၇ | (၁၁၄,၈၄၀,၀၀၀) |
| ဩဂုတ် | ၁,၂၇၃ | ၁,၂၇၇ | ၁,၂၇၈ | ၁,၂၇၉ | ၅,၃၁၀,၀၀၀ |
| စက်တင်ဘာ | ၁,၂၈၇ | ၁,၂၉၄ | ၁,၂၈၉ | ၁,၂၉၀ | (၅၇,၈၀၀,၀၀၀) |
| အောက်တိုဘာ | ၁,၂၇၇ | ၁,၂၈၃ | ၁,၂၇၆ | ၁,၂၇၇ | ၂၁,၈၈၀,၀၀၀ |
| နိုဝင်ဘာ | ၁,၃၀၀ | ၁,၃၀၅ | ၁,၂၉၇ | ၁,၂၉၈ | (၃၅,၈၂၀,၀၀၀) |
| ဒီဇင်ဘာ | ၁,၃၀၉ | ၁,၃၁၁ | ၁,၃၀၀ | ၁,၃၀၁ | (၂၇,၇၃၄,၀၀၀) |
| ၂၀၁၆ ဇန်နဝါရီ | ၁,၂၉၄ | ၁,၃၀၈ | ၁,၂၉၂ | ၁,၂၉၃ | (၆,၇၅၀,၀၀၀) |
| ဖေဖော်ဝါရီ | ၁,၂၃၇ | ၁,၂၄၇ | ၁,၂၄၂ | ၁,၂၄၃ | (၂,၈၉၀,၀၀၀) |
| မတ် | ၁,၂၁၆ | ၁,၂၀၆ | ၁,၂၀၀ | ၁,၂၀၁ | ၅၅,၆၈၀,၀၀၀ |

ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဇယား(၆) ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း နှင့် ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (၂၀၁၅-၂၀၁၆)

(၂၀၁၄ ဇန်နဝါရီ = ၁၀၀)

| ကာလ | အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းညွှန်ကိန်း | ထိရောက်သောအမည်ခံ ငွေလဲလှယ်နှုန်း (NEER) ၁/ | ထိရောက်သောအမှန် ငွေလဲလှယ်နှုန်း (REER) ၂/ |
|---|---:|---:|---:|
| ၂၀၁၅ မတ် | ၉၆.၁၁ | ၉၉.၄၇ | ၁၀၄.၀၃ |
| ဧပြီ | ၉၁.၅၆ | ၉၃.၇၈ | ၉၉.၁၆ |
| မေ | ၉၀.၅၅ | ၉၄.၁၈ | ၁၀၁.၀၇ |
| ဇွန် | ၈၈.၉၂ | ၉၂.၅၈ | ၁၀၀.၂၉ |
| ဇူလိုင် | ၇၉.၈၅ | ၈၄.၄၁ | ၉၂.၆၈ |
| ဩဂုတ် | ၇၇.၅၃ | ၈၄.၄၃ | ၉၆.၀၃ |
| စက်တင်ဘာ | ၇၆.၆၉ | ၈၃.၉၄ | ၉၆.၁၂ |
| အောက်တိုဘာ | ၇၇.၂၉ | ၈၃.၅၆ | ၉၆.၃၃ |
| နိုဝင်ဘာ | ၇၅.၉၂ | ၈၂.၈၂ | ၉၆.၄၄ |
| ဒီဇင်ဘာ | ၇၅.၄၀ | ၈၂.၇၀ | ၉၄.၁၁ |
| ၂၀၁၆ ဇန်နဝါရီ | ၇၆.၂၈ | ၈၄.၁၅ | ၉၄.၅၇ |
| ဖေဖော်ဝါရီ | ၇၉.၇၉ | ၈၇.၂၇ | ၉၁.၁၇ |
| မတ် | ၈၁.၁၇ | ၈၆.၇၇ | ၉၆.၄၁ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁/ ထိရောက်သောအမည်ခံငွေလဲလှယ်နှုန်း (Nominal Effective Exchange Rate-NEER) ဆိုသည်မှာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်(၁၁)နိုင်ငံပါရှိသည့်အုပ်စုမှနိုင်ငံတစ်ခုချင်း၏ ငွေကြေးနှင့်မြန်မာကျပ်ငွေ၏ နှစ်နိုင်ငံငွေလဲလှယ်နှုန်းများကို ဂျော်မက်ထရစ်ပျမ်းမျှအလေးပေး (Geometric Weighted Average) တွက်ချက်ခြင်းဖြစ်ပါသည်။ တွက်ချက်မှု ဖော်မြူလာမှာ -

$$NEER_t = \prod_{i=1}^{N} (E_{i,t})^{W_i}$$

၂/ ထိရောက်သောအမှန်ငွေလဲလှယ်နှုန်း (Real Effective Exchange Rate-REER) ဆိုသည်မှာ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက် (၁၁) နိုင်ငံပါရှိသည့် အုပ်စုမှနိုင်ငံတစ်ခုချင်း၏ ငွေကြေးနှင့် မြန်မာကျပ်ငွေ၏ နှစ်နိုင်ငံငွေလဲလှယ်နှုန်းများကို နှစ်နိုင်ငံ၏ စားသုံးသူဈေးဆနှုန်း အရ ညှိနှိုင်းပြီးရရှိသည့် အမှန်ငွေလဲလှယ်နှုန်းများအား ဂျော်မက်ထရစ်ပျမ်းမျှ အလေးပေး (Geometric Weighted Average) တွက်ချက်ခြင်းဖြစ်ပါသည်။ တွက်ချက်မှုဖော်မြူလာမှာ -

$$REER_t = \prod_{i=1}^{N} \left( E_i \frac{P}{P_i^*} \right)^{W_i}$$

## ဇယား(၇) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၅-၂၀၁၆)

(ကျပ်သန်းပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူ ပမာဏ | အဆိုပြု ပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေး ပျမ်းမျှ အတိုးနှုန်း |
| ၁ | ၁/၂၀၁၅-၂၀၁၆ | ၁၄ | ၇၀,၀၀၀ | ၄၁,၀၀၀ | ၂၁,၀၀၀ | ၂.၈~၄.၇၅ | ၃.၅၃ |
| | | ၂၈ | | ၅၁,၁၀၀ | ၄၈,၅၀၀ | ၅.၁၅~၆.၀ | ၅.၂၆ |
| | | ၄၂ | | ၃,၀၀၀ | ၅၀၀ | ၆.၀၀~၆.၀၀ | ၆.၀ |
| ၂ | ၂/၂၀၁၅-၂၀၁၆ | ၁၄ | ၈၀,၀၀၀ | ၅၀,၀၀၀ | ၄၇,၀၀၀ | ၃.၀~၄.၇၅ | ၃.၈၄ |
| | | ၂၈ | | ၄၀,၀၀၀ | ၃၃,၀၀၀ | ၅.၂၅ ~၅.၅၅ | ၅.၃၇ |
| | | ၄၂ | | - | - | - | - |
| ၃ | ၃/၂၀၁၅-၂၀၁၆ | ၁၄ | ၂၄၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၃.၅~၄.၅ | ၄.၂ |
| | | ၂၈ | | ၁၂၀,၀၀၀ | ၁၂၀,၀၀၀ | ၅.၃၅~၅.၆၅ | ၅.၅ |
| | | ၄၂ | | - | - | - | - |
| ၄ | ၄/၂၀၁၅-၂၀၁၆ | ၁၄ | ၂၀၀,၀၀၀ | ၆၀,၀၀၀ | ၆၀,၀၀၀ | ၃.၇၅ ~၅.၅ | ၄.၄၆ |
| | | ၂၈ | | ၅၀,၀၀၀ | ၅၀,၀၀၀ | ၅.၆၅ ~၅.၈ | ၅.၇၄ |
| | | ၄၂ | | - | - | - | - |
| ၅ | ၅/၂၀၁၅-၂၀၁၆ | ၁၄ | ၁၈၅,၀၀၀ | ၅၀,၀၀၀ | ၅၀,၀၀၀ | ၄ .၀~၅.၇၅ | ၄.၇၈ |
| | | ၂၈ | | ၁၅၀,၀၀၀ | ၁၃၅,၀၀၀ | ၅.၈ ~၆.၀ | ၅.၈၈ |
| | | ၄၂ | | - | - | - | - |
| ၆ | ၆/၂၀၁၅-၂၀၁၆ | ၁၄ | ၃၀၀,၀၀၀ | ၁၆၅,၀၀၀ | ၁၆၅,၀၀၀ | ၄.၆~၆.၀ | ၄.၈၁ |
| | | ၂၈ | | ၁၅၀,၀၀၀ | ၁၃၅,၀၀၀ | ၆.၃~၆.၅ | ၆.၃၇ |
| | | ၄၂ | | - | - | - | - |
| ၇ | ၇/၂၀၁၅-၂၀၁၆ | ၁၄ | ၃၀၀,၀၀၀ | ၂၁၅,၀၀၀ | ၂၁၀,၀၀၀ | ၄.၉~၆.၅ | ၅.၁၁ |
| | | ၂၈ | | ၅၀,၀၀၀ | ၅၀,၀၀၀ | ၆.၆၅ ~၆.၈ | ၆.၇၄ |
| | | ၄၂ | | - | - | - | - |
| ၈ | ၈/၂၀၁၅-၂၀၁၆ | ၁၄ | ၃၈၅,၀၀၀ | ၂၀၀,၀၀၀ | ၂၀၀,၀၀၀ | ၅.၃၅ ~ ၅.၅ | ၅.၄၃ |
| | | ၂၈ | | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၆.၈၅ ~၇.၀ | ၆.၉၃ |
| | | ၄၂ | | - | - | - | - |
| ၉ | ၉/၂၀၁၅-၂၀၁၆ | ၁၄ | ၃၀၀,၀၀၀ | ၂၂၅,၀၀၀ | ၂၂၅,၀၀၀ | ၅.၅ ~၆.၅ | ၆.၁၆ |
| | | ၂၈ | | ၁၀၀,၀၀၀ | ၇၅,၀၀၀ | ၇.၃၅ ~၇.၄၅ | ၇.၄၀ |
| | | ၄၂ | | - | - | - | - |

## ဇယား(၇) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၅-၂၀၁၆) အဆက်

(ကျပ်သန်းပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူပမာဏ | အဆိုပြုပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှအတိုးနှုန်း |
| ၁၀ | ၁၀/၂၀၁၅-၂၀၁၆ | ၁၄ | ၂၅၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၅.၇၅~၅.၉ | ၅.၈၃ |
| | | ၂၈ | | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၆.၈၅~၇.၀ | ၆.၉၃ |
| | | ၄၂ | | - | - | - | - |
| ၁၁ | ၁၁/၂၀၁၅-၂၀၁၆ | ၁၄ | ၁၁၀,၀၀၀ | ၆၃,၀၀၀ | ၆၃,၀၀၀ | ၄.၂၅~၄.၇၅ | ၄.၅ |
| | | ၂၈ | | ၅၂,၀၀၀ | ၄၆,၀၀၀ | ၆.၀~၆.၅ | ၆.၂၅ |
| | | ၄၂ | | ၅,၀၀၀ | ၁,၀၀၀ | ၇.၀~၇.၀ | ၇.၀ |
| ၁၂ | ၁၂/၂၀၁၅-၂၀၁၆ | ၁၄ | ၃၅၀,၀၀၀ | ၂၀၆,၀၀၀ | ၂၀၆,၀၀၀ | ၅.၀~၆.၅ | ၆.၀ |
| | | ၂၈ | | ၁၀၁,၀၀၀ | ၁၀၁,၀၀၀ | ၆.၅~၆.၅ | ၆.၅ |
| | | ၄၂ | | ၃,၀၀၀ | ၃,၀၀၀ | ၆.၉~၇.၀ | ၆.၉၇ |
| ၁၃ | ၁၃/၂၀၁၅-၂၀၁၆ | ၁၄ | ၃၈၀,၀၀၀ | ၄၉၈,၀၀၀ | ၃၂၄,၀၀၀ | ၆.၀~၆.၇ | ၆.၃ |
| | | ၂၈ | | ၅၃,၀၀၀ | ၅၃,၀၀၀ | ၆.၇၅~၇.၀ | ၆.၈ |
| | | ၄၂ | | ၅,၀၀၀ | ၃,၀၀၀ | ၇.၀~၇.၀ | ၇.၀ |
| ၁၄ | ၁၄/၂၀၁၅-၂၀၁၆ | ၁၄ | ၂၉၀,၀၀၀ | ၂၂၁,၀၀၀ | ၂၂၁,၀၀၀ | ၆.၀~၆.၈ | ၆.၃၈ |
| | | ၂၈ | | ၅၁,၀၀၀ | ၅၁,၀၀၀ | ၆.၄~၆.၄ | ၆.၄ |
| | | ၄၂ | | ၃,၀၀၀ | ၃,၀၀၀ | ၇.၀~၇.၀ | ၇.၀ |
| ၁၅ | ၁၅/၂၀၁၅-၂၀၁၆ | ၁၄ | ၁၀၇,၀၀၀ | ၇၀,၀၀၀ | ၇၀,၀၀၀ | ၆.၅~၇.၀ | ၆.၇၅ |
| | | ၂၈ | | ၅၀,၀၀၀ | ၃၇,၀၀၀ | ၆.၈၅~၇.၀ | ၆.၉၀ |
| | | ၄၂ | | - | - | - | - |
| ၁၆ | ၁၆/၂၀၁၅-၂၀၁၆ | ၁၄ | ၃၀၀,၀၀၀ | ၂၂၂,၀၀၀ | ၂၂၀,၀၀၀ | ၆.၇~၇.၀ | ၆.၈၅ |
| | | ၂၈ | | ၁၀၀,၀၀၀ | ၈၀,၀၀၀ | ၆.၉~၇.၀ | ၆.၉၄ |
| | | ၄၂ | | - | - | - | - |
| ၁၇ | ၁၇/၂၀၁၅-၂၀၁၆ | ၁၄ | ၂၀၀,၀၀၀ | ၁၇၀,၀၀၀ | ၁၇၀,၀၀၀ | ၆.၉~၇.၀ | ၆.၉၆ |
| | | ၂၈ | | ၅၀,၀၀၀ | ၃၀,၀၀၀ | ၆.၉~၆.၉၆ | ၆.၉၃ |
| | | ၄၂ | | - | - | - | - |
| ၁၈ | ၁၈/၂၀၁၅-၂၀၁၆ | ၁၄ | ၃၀၀,၀၀၀ | ၁၂၁,၀၀၀ | ၁၂၀,၀၀၀ | ၆.၉~၇.၀ | ၆.၉၈ |
| | | ၂၈ | | ၅၀,၀၀၀ | ၅၀,၀၀၀ | ၆.၉~၇.၀ | ၆.၉၅ |
| | | ၄၂ | | - | - | - | - |

## ဇယား(၇) အပ်ငွေလေလံခေါ်ယူမှုအခြေအနေပြဇယား (၂၀၁၅-၂၀၁၆) အဆက်

( ကျပ်သန်းပေါင်း)

| စဉ် | လေလံနံပါတ် | သက်တမ်း (ရက်) | ခေါ်ယူပမာဏ | အဆိုပြုပမာဏ | လေလံအောင်သည့်ပမာဏ | | |
|---|---|---|---|---|---|---|---|
| | | | | | ပမာဏ | အတိုးနှုန်း | အလေးပေးပျမ်းမျှအတိုးနှုန်း |
| ၁၉ | ၁၉/၂၀၁၅-၂၀၁၆ | ၁၄ | ၄၀၀,၀၀၀ | ၂၂၅,၀၀၀ | ၂၂၅,၀၀၀ | ၆.၉~၇.၀ | ၆.၉၈ |
| | | ၂၈ | | ၁၀၅,၀၀၀ | ၁၀၀,၀၀၀ | ၆.၉~၇.၀ | ၆.၉၆ |
| | | ၄၂ | | - | - | - | - |
| ၂၀ | ၂၀/၂၀၁၅-၂၀၁၆ | ၁၄ | ၄၀၀,၀၀၀ | ၃၁၄,၀၀၀ | ၃၁၄,၀၀၀ | ၃.၅~၇.၀ | ၆.၄၆ |
| | | ၂၈ | | ၁၀၀,၀၀၀ | ၈၆,၀၀၀ | ၇.၀~၇.၀ | ၇.၀ |
| | | ၄၂ | | - | - | - | - |
| ၂၁ | ၂၁/၂၀၁၅-၂၀၁၆ | ၁၄ | ၄၂၅,၀၀၀ | ၃၄၀,၀၀၀ | ၃၄၀,၀၀၀ | ၆.၉~၇.၀ | ၆.၉၂ |
| | | ၂၈ | | ၁၀၀,၀၀၀ | ၈၀,၀၀၀ | ၇.၀~၇.၀ | ၇.၀ |
| | | ၄၂ | | ၅,၀၀၀ | ၅,၀၀၀ | ၇.၃ ~၇.၅ | ၇.၄၂ |
| ၂၂ | ၂၂/၂၀၁၅-၂၀၁၆ | ၁၄ | ၄၂၀,၀၀၀ | ၃၂၂,၀၀၀ | ၂၉၀,၀၀၀ | ၆.၉~၆.၉ | ၆.၉ |
| | | ၂၈ | | ၁၃၀,၀၀၀ | ၁၃၀,၀၀၀ | ၇.၀~၇.၀ | ၇.၀ |
| | | ၄၂ | | - | - | - | - |
| ၂၃ | ၂၃/၂၀၁၅-၂၀၁၆ | ၁၄ | ၅၂၆,၀၀၀ | ၁၄၉,၅၀၀ | ၁၄၉,၅၀၀ | ၆.၇၅~၇.၀ | ၆.၈၂ |
| | | ၂၈ | | ၈၉,၀၀၀ | ၈၆,၀၀၀ | ၇.၀ ~၇.၁ | ၇.၀၅ |
| | | ၄၂ | | - | - | - | - |
| | စုစုပေါင်း | | | | ၅,၆၈၃ | | |

ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား(၈) စုစုပေါင်းငွေကြေးပမာဏနှင့် ယင်းအပေါ်အကျိုးသက်ရောက်စေသည့်အချက်များ (၂၀၁၅-၂၀၁၆)**

(ကျပ်သန်းထောင်ပေါင်း)

| အကြောင်းအရာ | ၂၀၁၅ | | | | ၂၀၁၆ |
|---|---|---|---|---|---|
| | မတ် | ဇွန် | စက်တင်ဘာ | ဒီဇင်ဘာ | မတ် |
| ဘဏ်များ ပြင်ပရှိငွေ | ၈,၆၀၅ | ၈,၄၄၉ | ၉,၅၂၀ | ၉,၃၉၂ | ၁၀,၁၅၇ |
| ဘဏ်စာရင်းရှင်အပ်ငွေ | ၃,၉၆၉ | ၄,၄၅၆ | ၄,၆၄၆ | ၅,၀၀၄ | ၄,၆၆၂ |
| ဘဏ်စုဆောင်းငွေ | ၁၅,၉၅၁ | ၁၇,၁၀၁ | ၁၈,၃၀၉ | ၁၉,၃၂၃ | ၂၁,၂၂၁ |
| ငွေကြေးပမာဏ(M1) | ၁၂,၅၇၄ | ၁၂,၉၀၅ | ၁၄,၁၆၆ | ၁၄,၃၉၆ | ၁၄,၈၁၉ |
| စုစုပေါင်းငွေကြေးပမာဏ(M2) | ၂၈,၅၂၅ | ၃၀,၀၀၆ | ၃၂,၄၇၅ | ၃၃,၇၁၉ | ၃၆,၀၄၀ |
| စုစုပေါင်းငွေကြေးပမာဏအပေါ် အကျိုးသက်ရောက်စေသည့်အချက်များ | | | | | |
| အသားတင်နိုင်ငံခြားရရန်ပိုင်ခွင့်များ | ၈,၀၁၄ | ၉,၁၅၃ | ၁၀,၄၀၁ | ၁၀,၄၄၁ | ၉,၃၁၇ |
| ပြည်တွင်းချေးငွေ | ၂၀,၈၄၄ | ၂၁,၃၅၅ | ၂၂,၈၁၇ | ၂၄,၁၉၀ | ၂၇,၆၀၄ |
| အစိုးရကဏ္ဍသို့ချေးငွေ | ၁၀,၁၈၇ | ၁၀,၁၅၃ | ၉,၃၇၆ | ၈,၉၄၇ | ၁၃,၄၁၆ |
| အခြားကဏ္ဍများသို့ချေးငွေ | ၁၀,၆၅၆ | ၁၁,၂၀၃ | ၁၃,၄၄၂ | ၁၅,၂၄၃ | ၁၄,၁၈၈ |
| - ပုဂ္ဂလိက ကဏ္ဍသို့ချေးငွေ | ၁၀,၁၈၃ | ၁၀,၅၉၁ | ၁၂,၀၃၅ | ၁၃,၁၅၇ | ၁၃,၆၆၇ |
| ဘဏ်လုပ်ငန်းကဏ္ဍ၏ အသားတင်ပေးရန်တာဝန်များ | -၃၃၃ | -၅၀၂ | -၇၄၃ | -၉၁၁ | -၈၈၁ |

ဖာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား (၉) အစိုးရငွေတိုက်စာချုပ်ရောင်းချမှုအခြေအနေပြဇယား (၂၀၁၅ -၂၀၁၆)**

(ကျပ်သန်းထောင်ပေါင်း )

| ဘဏ္ဍာရေးနှစ် | ရောင်းချမှု | ရွေးနှုတ်မှု | လက်ကျန် | ဝယ်ယူထားမှုပမာဏ | |
|---|---|---|---|---|---|
| | | | | အများပြည်သူ | လုပ်ငန်းများ |
| ၂၀၁၄-၂၀၁၅ | ၄၂၄.၅၆ | ၃၂၇.၆၄ | ၂,၉၀၀.၄၇ | ၂၂၀.၂၄ | ၂,၆၈၀.၂၃ |
| ၂၀၁၅-၂၀၁၆ | ၈၀၉.၂၂ | ၁၀၉၄.၉၆ | ၂,၆၁၄.၇၃ | ၁၈၁.၀၈ | ၂,၄၃၃.၆၅ |
| ၂၀၁၅ ဧပြီ | ၃၉.၂၄ | ၁၁.၃၈ | ၂,၉၂၈.၃၃ | ၂၂၀.၉၀ | ၂,၇၀၇.၄၃ |
| မေ | ၂၃၂.၅၃ | ၂၂၁.၆၂ | ၂,၉၃၉.၂၄ | ၂၂၁.၆၁ | ၂,၇၁၇.၆၃ |
| ဇွန် | ၃၇.၅၇ | ၇၆.၁၂ | ၂,၉၀၀.၆၉ | ၂၂၄.၀၆ | ၂,၆၇၆.၆၃ |
| ဇူလိုင် | ၅၁.၈၁ | ၁၁၂.၆၄ | ၂,၈၃၉.၈၆ | ၂၂၈.၁၉ | ၂,၆၁၁.၆၇ |
| ဩဂုတ် | ၂၉၃.၃၅ | ၃၂၉.၂၀ | ၂,၈၀၄.၀၁ | ၂၃၁.၉၉ | ၂,၅၇၂.၀၂ |
| စက်တင်ဘာ | ၃၈.၁၅ | ၄၃.၁၅ | ၂,၇၉၉.၀၁ | ၂၃၆.၂၉ | ၂,၅၆၂.၇၂ |
| အောက်တိုဘာ | ၇၇.၄၀ | ၄၀.၅၃ | ၂,၈၃၅.၈၈ | ၂၃၉.၂၆ | ၂,၅၉၆.၆၂ |
| နိုဝင်ဘာ | ၃၉.၁၇ | ၄၃.၃၅ | ၂,၈၃၁.၇၀ | ၂၃၆.၀၈ | ၂,၅၉၅.၆၂ |
| ဒီဇင်ဘာ | - | ၄၀.၅၅ | ၂,၇၉၁.၁၅ | ၂၂၅.၀၀ | ၂,၅၆၆.၁၅ |
| ၂၀၁၆ ဇန်နဝါရီ | - | ၁၂၉.၅၂ | ၂,၆၆၁.၆၃ | ၂၀၄.၇၈ | ၂,၄၅၆.၈၅ |
| ဖေဖော်ဝါရီ | - | ၂၂.၀၆ | ၂,၆၃၉.၅၇ | ၁၉၁.၇၂ | ၂,၄၄၇.၈၅ |
| မတ် | - | ၂၄.၈၄ | ၂,၆၁၄.၇၃ | ၁၈၁.၀၈ | ၂,၄၃၃.၆၅ |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ဇယား (၁၀) အစိုးရငွေတိုက်လက်မှတ်စျေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား (၂၀၁၅-၂၀၁၆)**

(ကျပ်သန်းထောင်ပေါင်း )

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | ရောင်းချမှု | | | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| | | | | တန်ဖိုးရင်း | ပေးချေမှု | အကျိုးအမြတ် | |
| ၁ | TB0006 | ၉၁ | ၅၀ | ၃၃ | ၃၂.၃၇၄ | ၀.၆၂၆ | ၇.၇၅၀ |
| ၂ | TB0007 | ၉၁ | ၅၀ | ၂၅ | ၂၄.၅၄၁ | ၀.၄၅၉ | ၇.၅၀၀ |
| ၃ | TB0008 | ၉၁ | ၅၀ | ၄၀ | ၃၉.၂၉၀ | ၀.၇၁၀ | ၇.၂၅၀ |
| ၄ | TB0009 | ၉၁ | ၅၀ | ၅၀ | ၄၉.၁၄၂ | ၀.၈၅၈ | ၇.၀၀၀ |
| ၅ | TB0010 | ၉၁ | ၆၀ | ၄၆ | ၄၅.၂၁၁ | ၀.၇၈၉ | ၇.၀၀၀ |
| ၆ | TB0011 | TB 0011 ကြိမ်မြောက်တွင် ဘဏ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပါ။ | | | | | |
| ၇ | TB0012 | ၉၁ | ၆၀ | ၂၁ | ၂၀.၆၂၀ | ၀.၃၈၀ | ၇.၄၀၀ |
| ၈ | TB0013 | ၉၁ | ၇၀ | ၂၀ | ၁၉.၆၃၈ | ၀.၃၆၂ | ၇.၄၀၀ |
| ၉ | TB0014 | ၉၁ | ၁၀၀ | ၂၁.၅ | ၂၁.၀၉၈ | ၀.၄၀၂ | ၇.၆၃၃ |
| ၁၀ | TB0015 | ၉၁ | ၁၀၀ | ၃၅ | ၃၄.၃၃၈ | ၀.၆၆၂ | ၇.၇၃၀ |
| ၁၁ | TB0016 | ၉၁ | ၁၀၀ | ၂၉ | ၂၈.၄၄၀ | ၀.၅၆၀ | ၇.၉၀၀ |
| ၁၂ | TB0017 | ၉၁ | ၁၀၀ | ၈၃ | ၈၁.၄၇၀ | ၁.၅၃၀ | ၇.၅၃၂ |

**ဇယား (၁၀) အစိုးရငွေတိုက်လက်မှတ်ဈေးပြိုင်လေလံဆောင်ရွက်မှုအခြေအနေပြဇယား (၂၀၁၅-၂၀၁၆) (အဆက်)**

( ကျပ်သန်းထောင်ပေါင်း )

| စဉ် | လေလံ အမှတ်စဉ် | သက်တမ်း | ခေါ်ယူမှု | ရောင်းချမှု | | | အတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| | | | | တန်ဖိုးရင်း | ပေးချေမှု | အကျိုးအမြတ် | |
| ၁၃ | TB0018 | ၉၁ | ၁၀၀ | ၂၁ | ၂၀.၅၉၄ | ၀.၄၀၆ | ၇.၉၀၀ |
| ၁၄ | TB0019 | ၉၁ | ၁၀၀ | ၂၂ | ၂၁.၅၆၅ | ၀.၄၃၅ | ၈.၁၀၀ |
| ၁၅ | TB0020 | ၉၈ | ၁၀၀ | ၄၂.၅ | ၄၁.၅၉၅ | ၀.၉၀၅ | ၈.၁၀၀ |
| ၁၆ | TB0021 | ၉၁ | ၁၅၀ | ၈၂ | ၈၀.၃၇၄ | ၁.၆၂၆ | ၈.၁၁၄ |
| ၁၇ | TB0022 | ၉၁ | ၁၅၀ | ၇၉.၅ | ၇၇.၉၂၃ | ၁.၅၇၇ | ၈.၁၁၈ |
| ၁၈ | TB0023 | ၉၈ | ၁၅၀ | ၉၇.၅ | ၉၅.၄၁၄ | ၂.၀၈၆ | ၈.၁၄၂ |
| ၁၉ | TB0024 | ၉၁ | ၁၅၀ | ၇၂ | ၇၀.၅၅၈ | ၁.၄၄၂ | ၈.၂၀၀ |
| ၂၀ | TB0025 | ၉၁ | ၁၅၀ | ၈၀.၂ | ၇၈.၅၉၅ | ၁.၆၀၅ | ၈.၁၉၀ |
| ၂၁ | TB0026 | ၈၄ | ၂၀၀ | ၁၆၃ | ၁၅၉.၉၈၆ | ၃.၀၁၄ | ၈.၁၈၇ |
| ၂၂ | TB0027 | ၉၁ | ၂၅၀ | ၁၈၆ | ၁၈၂.၂၈၃ | ၃.၇၁၇ | ၈.၁၇၉ |
| | **စုစုပေါင်း** | | | **၁၂၇၉.၂၀၀** | **၁,၂၂၅.၀၇၉** | | |

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်